# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ မှတ်(၁၁၈)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကျင်းပ

# နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်ဆန္ဒမဲပေးနေကြသည့် မဲဆန္ဒရှင်ပြည်သူများအား မဲရုံများအလိုက် လိုက်လံကြည့်ရှုအားပေး



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဲရုံ၌ တက်ကြွစွာလာရောက်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည်အရေးအကြီးဆုံးဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်ကို အသုံးချပြီး နိုင်ငံ၏ အနာဂတ်လမ်းကြောင်းကို ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို ယနေ့နံနက် ၆ နာရီမှစတင်၍ သက်ဆိုင်ရာမြို့နယ်များ၌ ကျင်းပပြုလုပ်ရာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာ မဲရုံများအလိုက် မည်သည့်ဖိအား တစ်စုံတစ်ရာမျှမပါရှိဘဲ မိမိတို့၏ လွတ်လပ်သည့် သဘောထား ဆန္ဒများအလျောက် တက်တက်ကြွကြွ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့် တစ်ခဲနက် ဆန္ဒမဲများပေးကြသည်။

ထိုကဲ့သို့ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုများကို နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## ယနေ့ ဖတ်စရာ


**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃)ကို မြို့နယ်ပေါင်း ၆၁ မြို့နယ်၌ ကျင်းပပြုလုပ်** — စာမျက်နှာ ၁၁

**စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၌ နေထိုင်ကြသူများအနေဖြင့် လွတ်လပ်စွာနေထိုင်လုပ်ကိုင်စားသောက်ပြီး အေးချမ်းစွာနေထိုင်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးနှင့် နိုင်ငံတော်အစိုးရ၏ နေထိုင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအတွက် စီမံဆောင်ရွက်ပေးမှုများနှင့်စပ်လျဉ်း၍ ဆေးသမားကြီးကျေးရွာနေ ဒေါ်တင်နီရွှေ(ခေါ်)နန်ရောင်စောရတို့၏ ပြောကြားချက်များ** — စာမျက်နှာ ၁၆



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမ္မတောကျေးရွာအုပ်စု မဲရုံ၌ တက်ကြွစွာ လာရောက်ဆန္ဒမဲပေးသည့် မဲဆန္ဒရှင်ပြည်သူတစ်ဦးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိမဲရုံ၌ တက်ကြွစွာလာရောက်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

◆ *ရှေ့ဖုံးမှ*

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲရုံများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုအားပေးရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့အတွင်းရှိ သက်ဆိုင်ရာ မဲရုံများအလိုက် မဲရုံမှတာဝန်ရှိသူများ၏ ကွန်ပျူတာစနစ်ဖြင့် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးပေးလျက်ရှိမှုနှင့် မဲဆန္ဒရှင်ပြည်သူများ၏ တက်ကြွစွာ ပါဝင်ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုပြီး မဲဆန္ဒရှင်ပြည်သူများအား ဆန္ဒမဲပေးမှုနှင့် ပတ်သက်၍ ကြုံတွေ့ရမှုများ၊ MEVM စက်ဖြင့် ဆန္ဒမဲပေးရာတွင် တွေ့ကြုံရမှုများ၊ မဲရုံဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး မေးမြန်းဆွေးနွေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများအား နှုတ်ဆက်သည်။

ထိုကဲ့သို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ကိုယ်တိုင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့မှုအပေါ် လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများကလည်း ဝမ်းမြောက်ဂုဏ်ယူလျက်ရှိပြီး နိုင်ငံတော်ယာယီသမ္မတနှင့် အဖွဲ့ဝင်များအား ရင်းနှီးနွေးထွေးစွာ ပြန်လည်နှုတ်ဆက်ခဲ့ကြကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရမှု ခံစားချက်အတွေ့အကြုံများနှင့်ပတ်သက်၍ မိမိတို့၏ သဘောဆန္ဒအလျောက် ဆန္ဒမဲလာရောက်ပေးကြခြင်းဖြစ်ကြောင်း၊ MEVM စက်ဖြင့် မဲပေးရခြင်းဖြင့် ပိုမိုလွယ်ကူမြန်ဆန်ပြီး မိမိတို့ဆန္ဒမဲပေးသည့်အတိုင်း မဲစာရင်းစာရွက်များလည်းထွက်ရှိကြောင်း၊ မဲမသမာမှုပြုလုပ်ရန်နှင့် မဲလိမ်မဲခိုးခြင်းများပြုလုပ်ရန် မဖြစ်နိုင်ကြောင်း၊ ဆန္ဒမဲပေးမှုလုပ်ငန်းစဉ်များအားလုံး အဆင်ပြေမှုရှိကြောင်းတို့ကို ရင်းရင်းနှီးနှီး ပြန်လည်ပြောကြားခဲ့ကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် မဲရုံများအလိုက် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများအား လိုက်လံကြည့်ရှုအားပေးစဉ် လာရောက်သတင်းရယူကြသည့် ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကိုလည်း လက်ခံဖြေကြားခဲ့ပြီး အပြည့်အစုံမှာ–

**မေး။ ။ အခုဒီနေ့ ရွေးကောက်ပွဲနောက်ဆုံးနေ့လည်းဖြစ်တယ်ဆိုတော့ ဒီဟာနဲ့ပတ်သက်ပြီး ရှေ့ဆက်ပြီး မြန်မာနိုင်ငံအပေါ် ဘယ်လိုများ မျှော်မှန်းထားလဲရှင့်။**

**ဖြေ။** ။ မြန်မာနိုင်ငံက ကျွန်တော်တို့က နဂိုကတည်းက ပြည်သူကရွေးချယ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို သွားဖို့ရည်ရွယ်ပြီးလုပ်ခဲ့တာ။ ဒီအတိုင်းပဲ သွားရမှာ။ ပြည်သူကရွေးချယ်တဲ့လမ်းပဲ။ ကျွန်တော်တို့ရွေးတာ မဟုတ်ဘူး၊ ပြည်သူကရွေးချယ်တဲ့လမ်း။ ကျွန်တော်တို့လည်း ပြည်သူတွေထဲက အစိတ်အပိုင်း၊ ကျွန်တော်တို့လည်း ဒီဟာကို ထောက်ခံတယ်။ ဒီအတိုင်းပဲ ပါတီစုံဒီမိုကရေစီစနစ်အတိုင်းပဲ သွားမယ်။ အနာဂတ်မှာ ကျွန်တော်တို့ သွားပါမယ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို လက်ခံဖြေကြားစဉ်။

**မေး။ ။ တချို့က ပြောတာပေါ့နော်။ တပ်ကို ထောက်ခံတဲ့ USDP ပါတီကအနိုင်ရတော့မယ်ပေါ့နော်။ အဲ့ဒါကြောင့်မလို့ဆိုပြီး တချို့ UN expert တွေကပြောတာပေါ့နော်။ ဒါကိုအသိအမှတ်မပြုဖို့ ဘာညာဆိုပြီးတော့ ပြောတာတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။**

**ဖြေ။** ။ ပြည်သူက သူတို့မြန်မာပြည်တွင်းမှာနေတဲ့ ပြည်သူတွေ မဲပေးတာလေ။ သူတို့အပြင်ကသူတွေ မဲပေးတာမဟုတ်ဘူး။ မြန်မာတွင်းမှာ နေတဲ့သူ မဲပေးတာ။ သူတို့ဘယ်သူ့ပဲ ထောက်ခံ ထောက်ခံ ကြိုက်တာထောက်ခံလို့ရတယ်။ ပေးတဲ့သူတွေက သူတို့ထောက်ခံချင်တဲ့သူတွေပါလို့ မဲလာပေးတာပေါ့။ သူတို့ ထောက်ခံချင်တဲ့သူတွေမပါဘူးဆိုရင် မဲလာပေးမှာမဟုတ်ဘူး။ မဲလာမပေးခြင်းမှာ နှစ်မျိုးရှိတယ်။ တစ်ပိုင်းကတော့ သူတို့ထောက်ခံချင်တဲ့သူတွေမပါလို့ မဲလာမပေးတာ။ တစ်ပိုင်းက လုံခြုံမှုအရ လာမပေးတာရှိတယ်။ လုံခြုံမှုဆိုတာ လာဖို့ပြုဖို့ အခက်အခဲရှိတယ်။ မဲပေးတဲ့သူတွေကကျတော့ သူတို့ထောက်ခံတဲ့သူတွေရှိလို့ လာမဲပေးတာပေါ့။ အဲဒီမှာ ခုနက ခင်ဗျားပြောတဲ့ ပြည်ခိုင်ဖြိုးပါတီလည်း ပါတယ်။ တခြား PPP ပါတီလည်းပါတယ်။ ကျားဖြူပါတီလည်းပါတယ်။ ပါတီစုံပါတယ်။ ဒါကြောင့်လည်း မဲပေးတဲ့စာရင်းတွေ ကျွန်တော်တို့ ထုတ်ပြန်ပေးပါတယ်။ အဲဒါ သူတို့ လွတ်လွတ်လပ်လပ် မဲပေးတာပဲ မဟုတ်ဘူးလား။ ဒါကို နိုင်ငံခြားက အသိအမှတ်ပြုတာ၊ မပြုတာ ကျွန်တော်တို့နားမလည်ဘူး။ ပြည်သူတွေက မဲပေးတာ ကျွန်တော်တို့ အသိအမှတ်ပြုတယ်။ ဒီလိုပဲသွားရမယ်။

**မေး။ ။ နောက်တက်လာတဲ့ အစိုးရအဖွဲ့မှာရော တပ်ချုပ်ကြီးအနေနဲ့ ဆက်ပြီးတော့ ပါဖို့ရှိလား။**

**ဖြေ။** ။ ကျွန်တော်တော့ ဘာမှပြောလို့မရသေးဘူးလေ။ ဒါတွေက လွှတ်တော်ခေါ်မှ လွှတ်တော်မှာ သူတို့ရွေးချယ်တဲ့ နည်းလမ်းတွေ ဘာတွေရှိပါတယ်။ ဒီလိုရှိပါတယ်။

**မေး။ ။ နောက်ဆုံးနေ့လည်း ဖြစ်တယ်ဆိုတော့လေ။ လာမယ့်အစိုးရအသစ်အတွက်ရော ဘာများပြောချင်တာများရှိမလဲရှင့်။**

**ဖြေ။** ။ သူတို့က တိုင်းပြည်ကောင်းအောင် လုပ်ရမှာပေါ့ဗျာ။ ဘယ်အစိုးရတက်တက် တိုင်းပြည်ကောင်းဖို့ပဲ။ ပြည်သူလူထုရဲ့ အကျိုးစီးပွားဖော်ဆောင်ဖို့အတွက် တိုင်းပြည်ကို တိုးတက်အောင် ဆောင်ရွက်ပေးဖို့၊ တိုင်းပြည်အေးချမ်းအောင် ဆောင်ရွက်ပေးဖို့၊ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်အောင် လုပ်ပေးဖို့ အစိုးရတစ်ရပ်ကတော့ တာဝန်ရှိတာ။ ဒါကို ကျွန်တော်ရအောင်ကြိုးစားမယ်။ ပြည်သူကလည်း ပါဖို့လိုတယ်။ အစိုးရကပဲ ဦးဆောင်လို့တော့မရဘူး။ အစိုးရကတော့ ရည်မှန်းချက်ထားပြီးလုပ်မှာ။ သို့သော် ပြည်သူကမပါလို့တော့ မရဘူး။ ပြည်သူပါအောင်လည်း အစိုးရကလုပ်ရမှာပေါ့။ ပြည်သူကလည်း ပါဖို့တော့လိုတယ်။ ကျွန်တော်တို့က ဒီမိုကရေစီသွားချင်တယ် တောင်းဆိုနေပေမယ့်လည်း ပြည်သူမပါဘဲနဲ့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဒါပြည်သူပါမှဖြစ်မှာ။ ပြည်သူကလည်း အရေးကြီးပါတယ်။

**မေး။ ။ အခက်အခဲတွေအများကြီးနဲ့ နောက်ဆုံးနေ့လည်းဖြစ်တယ်ဆိုတော့လေ။ နိုင်ငံတကာနဲ့ ဒီမြန်မာပြည်သူတွေကိုရော ဘာများ message ပါးချင်တာရှိမလဲရှင့်။**

**ဖြေ။** ။ ပြည်သူတွေ တိုင်းပြည်ကောင်းအောင် လုပ်ကြဖို့ပေါ့ဗျာ။ အမြင်ကျယ်ဖို့ပေါ့ဗျာ။ ဒါကိုပြောချင်ပါတယ်။ နိုင်ငံတကာကလည်း မြန်မာနိုင်ငံရဲ့ ပြည်တွင်းအခြေအနေကို အမှန်ကိုလည်းသိဖို့ လိုတာပေါ့ဗျာ။ အခုမြန်မာနိုင်ငံကိုလာတဲ့ နိုင်ငံခြားက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေလာရင် သူတို့အပြင်မှာကြားတာနဲ့ မြန်မာနိုင်ငံဖြစ်ပျက်နေတဲ့ အခြေအနေ တခြားစီပဲလို့ ပြောတယ်။ လူတိုင်းနီးပါးတော့ အဲဒီအတိုင်းပြောတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့မှာ ဒီကောလာဟလနဲ့ မီဒီယာကနေလုပ်နေတဲ့ဟာတွေ တိုင်းပြည်က ခံနေရတာပေါ့ဗျာ။ တကယ်တော့ ကျွန်တော်တို့မှာလည်းပဲ အခွင့်အရေးတွေ အများကြီးရှိပါတယ်။ အဲဒီအခွင့်အရေးတွေကို အသုံးချနိုင်မယ်ဆိုရင် တိုင်းပြည် တိုးကိုတိုးတက်တယ် ကျွန်တော်ပြောရဲပါတယ်။

**မေး။ ။ ၂၀၁၀ ပြည့်နှစ် ဦးသိန်းစိန်အစိုးရလိုမျိုး ဖြစ်နိုင်ပါမလား။ ၂၀၁၀ ပြည့်နှစ်တုန်းက USDP အစိုးရတက်ခဲ့တယ်။ တော်တော်လေး ပြည်သူနှစ်သက်ခဲ့တယ်။ အခု ၂၀၂၅ ခုနှစ် တက်လာမယ့် အစိုးရကိုရော အဲလိုမျိုး မျှော်လင့်လို့ရမလား။**

**ဖြေ။** ။ အခု အနိုင်ရတဲ့ပါတီရဲ့ သူ့ကိုပူးပါင်းဆောင်ရွက်ပေးမယ့် အခြေအနေပတ်ဝန်းကျင်အပေါ်မှာ မူတည်လိမ့်မယ်။ မဟုတ်ဘူးလား။ အဲဒီ ဦးသိန်းစိန်သမ္မတကြီး တာဝန်ယူတဲ့အချိန်တုန်းက သူတို့လုပ်တာတော့လုပ်တယ်။ ဒါပေမယ့် တစ်ဖက်ကလည်း အတိုက်အခံတွေရှိတယ်။ အဲဒီအတိုက်အခံတွေက တိုင်းပြည်ကို ကောင်းအောင်လုပ်ဖို့အတွက် သွားတယ်ဆိုရင်တော့တစ်မျိုးပေါ့။ တိုင်းပြည်ကောင်းအောင်မဟုတ်ဘဲနဲ့ အနုတ်လက္ခဏာဆောင်အောင် သွားလုပ်တယ်ဆိုရင်တော့ နည်းနည်းခက်တော့ ခက်မယ်။ ဘယ်အစိုးရတက်တက် ဒါကတော့ ဘယ်အစိုးရတက်တက်။

**မေး။ ။ စိန်ခေါ်မှုချင်းကတော့ မတူဘူးပေါ့။ အဲ့ဒီအခင်းအကျင်းက တော်တော်လေး သပ်သပ်ရပ်ရပ်ရှိတယ်။ အခု အခင်းအကျင်းက တော်တော်လေး ဗရုတ်ဗရက်နိုင်နေတာကို ထိန်းသိမ်းရမှာဆိုတော့လေ။ ပိုပြီးတော့ ခက်မလားလို့။**

**ဖြေ။** ။ ဗရုတ်ဗရက်ဆိုတာ တည်ငြိမ်အေးချမ်းမှုမရှိဘူး။ မှန်ပါတယ်။ ဒါတော့မှန်ပါတယ်။ အမြင်ကျယ်ဖို့၊ ဒါ့ကြောင့် ခုနကပြောတဲ့ တိုင်းပြည်အမြင်ကျယ်ဖို့လိုပါတယ်လို့ ကျွန်တော်ပြောတာ။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မန္တလေးမြို့ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## မန္တလေးမြို့ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေး လိုအပ်သည်များ လမ်းညွှန်မှာကြား

- ❑ **မန္တလေးမြို့အတွင်းရှိ လမ်းမကြီးများ၊ လမ်းသွယ်များနှင့် မြို့တွင်းသန့်ရှင်းသာယာလှပမှု ကောင်းမွန်လျက်ရှိသည်ကို တွေ့ရှိရပြီး စည်ပင်သာယာရေးဆိုင်ရာ တာဝန်ရှိသူများ၏ လုပ်ငန်းတာဝန်ကျေပွန်မှု၊ မြို့သူမြို့သားများ၏ စည်းကမ်းစနစ်တကျရှိမှုကြောင့်ဖြစ်သည်ကို ဝမ်းမြောက်အသိအမှတ်ပြု**
- ❑ **ယခုရွေးကောက်ပွဲ အပိုင်း(၁)၊ အပိုင်း(၂)နှင့် အပိုင်း(၃)တို့ကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်သဖြင့် လာမည့်မတ်လကုန်တွင် အစိုးရသစ်တစ်ရပ်တက်လာမည်ဖြစ်၊ အစိုးရသစ်တစ်ရပ်မဖွဲ့စည်းမီ ကြားကာလအတွင်း မန္တလေးမြို့အနေဖြင့် မြို့သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားရမည်**

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မန္တလေးမြို့ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃) ကျင်းပနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် တစ်ခဲနက်လာရောက်ဆန္ဒမဲများ ပေးနေကြသည်ကို တွေ့မြင်ရပြီး လူငယ်လူရွယ်များ၊ လူလတ်ပိုင်းများလည်း အများအပြားပါဝင်ကြကြောင်း၊ လူငယ်လူရွယ်များအနေဖြင့် ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုရှိသည်မှာ ကောင်းမွန်သည့်လက္ခဏာပင်ဖြစ်ကြောင်း၊ ထိုသို့ လိုက်လံကြည့်ရှုအားပေးစဉ် မန္တလေးမြို့အတွင်းရှိ လမ်းမကြီးများ၊ လမ်းသွယ်များနှင့် မြို့တွင်းသန့်ရှင်းသာယာလှပမှု ကောင်းမွန်လျက်ရှိသည်ကိုတွေ့ရှိရပြီး စည်ပင်သာယာရေးဆိုင်ရာတာဝန်ရှိသူများ၏ လုပ်ငန်းတာဝန်ကျေပွန်မှု၊ မြို့သူမြို့သားများ၏ စည်းကမ်းစနစ်တကျရှိမှုကြောင့်ဖြစ်သည်ကို ဝမ်းမြောက်အသိအမှတ်ပြုပါကြောင်း၊ ယခုရွေးကောက်ပွဲအပိုင်း(၁)၊ အပိုင်း(၂) နှင့်အပိုင်း(၃)တို့ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သဖြင့် လာမည့်မတ်လကုန်တွင် အစိုးရသစ်တစ်ရပ်တက်လာမည်ဖြစ်ကြောင်း၊ အစိုးရသစ်တစ်ရပ် မဖွဲ့စည်းမီ ကြားကာလအတွင်း မန္တလေးမြို့အနေဖြင့် မြို့သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ကြားကာလ နှစ်လတာအတွင်း ဆောင်ရွက်ပြီးစီးနိုင်မည့် မြို့သာယာလှပရေးလုပ်ငန်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်သွားရန်မှာကြားလိုကြောင်း၊ အဓိကလမ်းမကြီးများ၌ လမ်းလယ်မျဉ်းများဆွဲခြင်း၊ လမ်းညွှန်အမှတ်အသားများ အသစ်ပြန်လည်ပြုလုပ်ခြင်းတို့အပါအဝင် အချိန်တိုအတွင်း ပြီးစီးနိုင်မည့်လုပ်ငန်းများကို ဖော်ဆောင်သွားရန်လိုကြောင်း၊ လမ်းလယ်ကျွန်းများ၊ ပလက်ဖောင်းများ၌ သဲ၊ မြေကြီးနှင့် အမှိုက်များ ဖုံးနေခြင်းများကိုလည်း ရှင်းလင်းသွားရန်လိုကြောင်း၊ လမ်းများသန့်ရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေဖြင့် စနစ်တကျဆေးကြောခြင်း ဦးစွာဆောင်ရွက်ပြီးမှသာလျှင် ဆေးသုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ပလက်ဖောင်းများ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ ရေဝင်၊ ထွက်ပေါက်များ ပိတ်ဆို့မှုမရှိစေရေးနှင့် စနစ်တကျဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း။

- ❖ **မန္တလေးတိုင်းအနေဖြင့် ဆီထွက်သီးနှံ အဓိကထွက်ရှိပြီး အထွက်နှုန်းများ တိုးမြှင့်ရရှိရေး အလေးထားဆောင်ရွက်သွားရန်လို၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ပြီး တိုင်းပြည်စီးပွားရေးကောင်းမှသာ ဝယ်လိုအားနှင့် ရောင်းလိုအားများ ကောင်းလာမည်ဖြစ်ပြီး လည်ပတ်ရင်းနှီးငွေများပြားခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခြင်း အကျိုးကျေးဇူးများကို ရရှိနိုင်မည်**

မန္တလေးမြို့အတွင်း လေထုညစ်ညမ်းမှုကိုလည်း စစ်ဆေးဆောင်ရွက်သွားရန်လိုပြီး ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်ထားသည်မှာလည်း ကောင်းမွန်သည်ကို တွေ့မြင်ရသဖြင့် အသိအမှတ်ပြုပါကြောင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ စည်းကမ်းစနစ်တကျရှိမှုကို ပြသနေခြင်းပင်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ဆရာ ဆရာမများ၏ သင်ကြားရေးစွမ်းရည်ကိုလည်း သင်တန်းများပေး၍ မြှင့်တင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက်လည်း ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာနှင့်ကွန်ပျူတာအခြေခံသင်တန်းများအပြင် အခြားအကျိုးရှိစေမည့် နွေရာသီသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး ကြိုတင်စီမံထားရန်လိုကြောင်း၊ တပ်မတော်မှလည်း ရေကြောင်းလူငယ်၊ လေကြောင်းလူငယ် (အခြေခံ) နှင့်(တန်းမြင့်) သင်တန်းများကို နှစ်စဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ပညာရေးတွင်လည်း ဆရာ ဆရာမများ မွေးထုတ်ပေးလျက်ရှိသည့် ပညာရေးဒီဂရီကောလိပ်များကို ဆရာအတတ်သင်တက္ကသိုလ်များအဖြစ် ပြောင်းလဲဖွင့်လှစ်ပေးနိုင်ရေး ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ ဘွဲ့အဆင့်သတ်မှတ်ချက်များ၊ ပညာရပ်ပိုင်းဆိုင်ရာ သတ်မှတ်ချက်များအလိုက် ခံစားခွင့်များ တိုးမြှင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပညာရေးကို မြှင့်တင်နိုင်ရေးအတွက် သင်ကြားရေးတာဝန် ထမ်းဆောင်နေကြသည့် ပညာရေးဝန်ထမ်းများကို ဦးစွာမြှင့်တင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတွင် အများစုအားဖြင့် အစိုးရကျောင်းများကိုသာ အဓိကအားထားနေရခြင်း ဖြစ်သဖြင့် ပညာရေးဝန်ထမ်းများ၏စွမ်းရည်ကို မြှင့်တင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သည့်

*စာမျက်နှာ ၅ သို့*





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသအား လှူဖွယ်ပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများအား မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ယနေ့မွန်းလွဲပိုင်းတွင်မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော် ၉၈ နှစ်၊ ဝါတော် ၇၈ ဝါရှိ သက်တော်ရှည်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီး၏ ကျန်းမာရေးဆိုင်ရာများနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများအား မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် ဆရာတော်ကြီး၏ ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များအား အမြဲမပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

နိုင်ငံတော်ကို အကောင်အထည်ဖော်တည်ဆောက်နိုင်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေ လိုအပ်သည်ဖြစ်သောကြောင့် ပညာရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မန္တလေးတိုင်းအနေဖြင့် ဆီထွက်သီးနှံ အဓိကထွက်ရှိပြီး အထွက်နှုန်းများ တိုးမြှင့်ရရှိရေး အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ပြီး တိုင်းပြည်စီးပွားရေးကောင်းမှသာ ဝယ်လိုအားနှင့် ရောင်းလိုအားများ ကောင်းလာမည်ဖြစ်ပြီး လည်ပတ်ရင်းနှီးငွေများပြားခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခြင်း အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း အဓိကဖြစ်ထွန်းအောင်မြင်သည့် ဆီထွက်သီးနှံနှင့် ပဲသီးနှံတို့ကို ယခုထက်မည်ကဲ့သို့ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ကို ကော်မတီဖွဲ့စည်း၍ စနစ်တကျဖြင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်မှုဇုန်များ၌ MSME လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့လို့သာလျှင် နိုင်ငံတော်၏စီးပွားရေးသည် အပေါင်းလက္ခဏာဘက်သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အသက်ပင်ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် အရည်အသွေးပြည့်မီသည့် ဈေးကွက်ဝင် MSME ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်သွားရမည်ဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီးအနေဖြင့် အစိုးရအဖွဲ့၏ ကြိုးပမ်းအားထုတ်မှု၊ ဒေသခံများ၏ စည်းကမ်းစနစ်တကျရှိမှုနှင့် အလုပ်လုပ်ကိုင်လိုစိတ်ရှိမှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ များစွာကို မြင်တွေ့ရသဖြင့် ဝမ်းမြောက်အသိအမှတ်ပြုပါကြောင်း၊ ယခုကဲ့သို့ ကောင်းမွန်သည့်အချက်အလက်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်၍ နောင်တက်လာမည့် အစိုးရကိုကောင်းမွန်စွာ လက်ဆင့်ကမ်းနိုင်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်မှုဇုန်အတွင်း ရော်ဘာထုတ်ကုန်များ ထုတ်လုပ်လျက်ရှိမှုနှင့်ပတ်သက်၍ တင်ပြဆွေးနွေးမှုအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ပြန်လည်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘုန်းနှင့်ကံနှင့် မြန်မာပြည်

❖ တို့ပြည်မြန်မာ ၊ တည်နေရာကို
သဘာဝဘေး ၊ လူလုပ်ဘေးနှင့်
ဘေးမျိုးစုံဖျက် ၊ အကြမ်းဖက်တို့
နှိပ်စက်လေတုန်း ၊ တစ်ပြေ(ပြည်)လုံးဝယ်
ဆုံးရှုံးပေခဲ့ ၊ နစ်နာခဲ့လည်း
ဉာဏ်မဲ့မြန်မာ ၊ မဟုတ်ပါတည့်
အကြံမဲ့မြန်မာ ၊ မဟုတ်ပါတည့်
လဲရာကထ ၊ ထူထောင်ကြလျက်
နှမ မောင်ရင်း ၊ ညီအစ်ကိုချင်းတို့
ဖြိုခွင်းရန်စ ၊ ချေမှုန်းကြလျက်
တစ်ကတစ်ဖန် ၊ ရှေ့ဆက်ပြန်သည်
အကြံနှင့်ဉာဏ်နှင့် မြန်မာပြည်။
ရင့်ကျက်အတွေ့အကြုံ စုံလှသည်။

❖ ငါတို့ပြည်ကား ၊ သူတစ်ပါးကို
ထောက်ထားလေးမြတ် ၊ ကြင်နာတတ်မို့
ဖြစ်ရပ်စုံလင် ၊ မြေငလျင်နှင့်
တို့တွင်ဘေးဘယာ ၊ ကြုံသောခါလည်း
လာကြကူကြ ၊ ဝိုင်းဝန်းကြ၏
ဖေးမစာနာ ၊ ပို့မေတ္တာနှင့်
သည်မှာဆေးဝါး ၊ သည်ကား စားဖွယ်
သည်မယ် ထည်ဝတ် ၊ စေပို့လွှတ်လျက်
လွှတ်လပ်ဆင်နွဲ ၊ ရွေးကောက်ပွဲလည်း
ထဲဝင်စေ့စပ် ၊ လေ့လာအပ်လျက်
မှတ်ချက်ပေးဟန် ၊ မျှတပြန်သော်
နိုင်ငံပုံရိပ် ၊ ဂုဏ်ရည်ဖိတ်သည်
မိတ်နှင့်ဆွေနှင့် မြန်မာပြည်။
လမ်းမှန်ကမ်းမှန် လျှောက်လှမ်းသည်။

❖ ငါတို့တိုင်းပြည် ၊ သမိုင်းရှည်၏
ကြုံသည်တစ်ခု ၊ မှားယွင်းမှုကြောင့်
ပြည်သူ့ရင်လှိုင်း ၊ ခေတ်သမိုင်းကို
မရိုင်းစေရာ ၊ ဆုံးဖြတ်ပါ၍
ပါတီစုံဒီမိုကရေစီ ၊ အခြေတည်အောင်
ပြန်လည်တည်ဆောက် ၊ ခရီးရောက်ခဲ့
ပြီးမြောက်ဆင်နွှဲ ၊ ထိုအောင်ပွဲမှ
မလွဲမသွေဖည် ၊ ဆက်၍ချီအံ့
ရွှေပြည်တော်မဝေး ၊ အနီးလေးမို့
တေးချိုသီကုံး ၊ ဖွဲ့ဆိုအုန်း(ဦး)မည်
ဘုန်းနှင့် ကံနှင့် မြန်မာပြည်။
အကြံနှင့် ဉာဏ်နှင့် မြန်မာပြည်။
မိတ်နှင့် ဆွေနှင့် မြန်မာပြည်။
တောက်ပတော့မည် အနာဂတ်သည်။ ။

မြင်းမူမောင်နိုင်မိုး






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**❐ မိမိတို့အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး နိုင်ငံတကာမှရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များလည်း လာရောက်လေ့လာခဲ့ကြကာ အပြုသဘောဆောင်သည့် မှတ်ချက်များစွာကိုလည်း ရရှိခဲ့**

နေပြည်တော် ဇန်နဝါရီ ၂၅

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ၌ မန္တလေးတပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုအောင်မြင်စွာကျင်းပနိုင်ခဲ့မှု

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) နှင့် (၂)အား အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အပိုင်း(၃)ကို ယနေ့တွင် ကျင်းပပြုလုပ်လျက်ရှိနေပြီဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲအပိုင်း(၃) ကျင်းပနေမှုများကို မိမိအနေဖြင့်လှည့်လည်ကြည့်ရှုခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် တက်တက်ကြွကြွဖြင့် ဆန္ဒမဲများပေးနေသည်ကိုတွေ့ရှိရပြီး ထိုအထဲတွင် လူငယ်လူရွယ်များ၊ လူလတ်ပိုင်းများလည်း များစွာပါဝင်သည်ကို တွေ့ရှိရကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၁)နှင့်(၂)တွင် ပျမ်းမျှအားဖြင့် ပြည်သူလူထု ၅၅ ရာခိုင်နှုန်းခန့် ဆန္ဒမဲများပေးကြောင်းသိရသဖြင့် အောင်မြင်သည့်ရွေးကောက်ပွဲတစ်ခုဟု သတ်မှတ်နိုင်ပြီး ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုကို တွေ့မြင်ရကြောင်း။

မိမိတို့နိုင်ငံ၏ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အနိုင်ရရှိခဲ့ကြောင်း၊ ထို့နောက် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် NLD ပါတီက အနိုင်ရရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ပါတီစုံဒီမိုကရေစီ အစိုးရသက်တမ်းနှစ်ဆက်တွင် ပြည်သူလူထုအနေဖြင့် ဆန္ဒမဲပေးကြသည့် အတွေ့အကြုံများ ထိုက်သင့်သလောက်ရှိလာပြီဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်မဲမသမာမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့သောကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ လူမှာကတိ၊ မင်းမှာသစ္စာရှိသည်နှင့်အညီ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ထားသည့်အတိုင်း မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝပြီး လွတ်လပ်၍တရားမျှတမှုရှိသည့် ရွေးကောက်ပွဲတစ်ခု ပြန်လည်ကျင်းပနိုင်ရေးစီမံဆောင်ရွက်ခဲ့ပြီး မဲမသမာမှုများဖြစ်ပေါ်မှုမရှိစေရေးအတွက် Myanmar Electronic Voting Machine (MEVM) စက်များကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မဲမသမာမှုမရှိသောရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရန်နှင့် ဆန္ဒမဲပေးကြသည့် ပြည်သူလူထုများ၏ ဆန္ဒအမှန်ဖြင့် လိုလားသည့်ရလဒ်များ ထွက်ပေါ်လာစေရန်ပင်ဖြစ်ကြောင်း။

အသက် ၁၈ နှစ်ပြည့်ပြီးသူများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆန္ဒမဲပေးနိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲများပေးနိုင်ရေး စီမံဆောင်ရွက်ပေးထားပြီး ဆန္ဒမဲပေးခြင်း၊ မပေးခြင်းသည် မဲဆန္ဒရှင်ပြည်သူများ၏ ရပိုင်ခွင့်ပင်ဖြစ်ကြောင်း၊ အချို့နိုင်ငံများတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်၌ ဆန္ဒမဲပေးသူနည်းပါးသည့် နိုင်ငံများလည်းရှိကြောင်း၊ မိမိတို့ကျင်းပနေသည့် ရွေးကောက်ပွဲတွင်လည်း ဆန္ဒမဲပေးနိုင်သူ၏ ထက်ဝက်ကျော်ဆန္ဒမဲများပေးခဲ့ကြသဖြင့် ရွေးကောက်ပွဲအောင်မြင်သည်ဟု ဆိုနိုင်ကြောင်း။

မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပအပြီး အနိုင်ရရှိသည့်အစိုးရအဖွဲ့အား နိုင်ငံတော်၏ တာဝန်များကို လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ **မိမိတို့အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး နိုင်ငံတကာမှရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များလည်း လာရောက်လေ့လာခဲ့ကြကာ အပြုသဘောဆောင်သည့် မှတ်ချက်များစွာကိုလည်း ရရှိခဲ့**ကြောင်း၊ မိမိတို့ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲသည် အောင်မြင်သည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်ပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပါဝင်ထမ်းဆောင်ခဲ့ကြသူများအားလုံးကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်ပါကြောင်း။

နိုင်ငံ့အရေးနှင့် နိုင်ငံရေးတို့ကို ဆောင်ရွက်ရာတွင် အားနှင့်မာန်နှင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန်အတွက် ပါတီများ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စည်းခွင့်များပေးခဲ့ပြီး ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီကြီးများရှိသကဲ့သို့ ဒေသအလိုက် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများလည်းရှိကြောင်း။

## တပ်မတော်၏ အခန်းကဏ္ဍ

တပ်မတော်သည် နိုင်ငံတော်တွင် အခိုင်အမာဆုံးသောအဖွဲ့အစည်းဖြစ်ပြီး လွတ်လပ်ရေးရရှိကတည်းကပင် ယနေ့အချိန်အထိ တည်ရှိနေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ မည်သို့ပင်ပြောင်းလဲခဲ့သည်ဖြစ်သော်လည်း တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထားလျက် ယနေ့ထက်တိုင် မမှိတ်မသုန် ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်၏ ပြည်ပရန်ကာကွယ်ရေးနှင့် ပြည်တွင်းလုံခြုံရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သို့သော်လည်း လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ဖြစ်ပေါ်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် သောင်းကျန်းမှုနှိမ်နင်းရေးစစ်ဆင်ရေးများကို ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ရကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ထိန်းသိမ်းဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တာဝန်ဖြစ်သော်လည်း လိုအပ်ချက်အရ တပ်မတော်မှ ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း စွမ်းရည်မြှင့်တင်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်ကို ပြည်ပရန်မှကာကွယ်ရေးအတွက် တပ်မတော်ကို စဉ်ဆက်မပြတ် စွမ်းရည်၊ စွမ်းပကားများ မြှင့်တင်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိတို့အားပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်နေရမည်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝသည့် တပ်မတော်၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အရည်အချင်းပြည့်ဝရန်အတွက် လေ့ကျင့်သားပြည့်ဝနေရန်လိုပြီး တပ်မတော်သားတစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်ရမည်၊ တိုက်ရည်ခိုက်ရည်ရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်၊ စစ်နည်းဗျူဟာနှင့် စစ်လက်နက်ပစ္စည်းများအပေါ် ကျွမ်းကျင်မှုရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးချင်းစီအလိုက်၊ တပ်၊ ဌာနချုပ်များအလိုက် တိုက်ပွဲဝင်အသင့်ဖြစ်စေရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်လိုကြောင်း။

လုပ်ငန်းများကို ထမ်းဆောင်ရာတွင် ကံ၊ ဉာဏ်၊ ဝီရိယများပေါင်းစပ်၍ မိမိတို့တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ကြရန်လိုကြောင်း၊ ကောင်းသည့်အလုပ်ကို လုပ်မည်ဆိုပါက ကောင်းကျိုးကိုခံစားနိုင်မည်၊ မကောင်းသည့်အလုပ်ကိုလုပ်ပါက မကောင်းကျိုးကို ခံစားရမည်ဖြစ်ကြောင်း၊ မိမိတို့ကို သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို ဉာဏ်ဖြင့်သုံးသပ်ဆင်ခြင်၍ ကျွမ်းကျွမ်းကျင်ကျင် အသုံးချဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် စစ်သားကောင်းတစ်ယောက်ပီသစွာ တာဝန်ထမ်းဆောင်ကြရန်လိုပြီး ထိုသို့ဆောင်ရွက်မှသာလျှင် တစ်ဦးချင်းစီ၏ အရည်အသွေးများ တက်လာမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုလည်း ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်အနေဖြင့် ခေတ်အလိုက်နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်လာနေသည့် နည်းပညာများနှင့်အညီ စစ်အသုံးအဆောင်ပစ္စည်းများ တပ်ဆင်ပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် ရှိသင့်ရှိထိုက်သည်များကို

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဖြည့်တင်းပေးနေရမည်ဖြစ်သကဲ့သို့ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက်လည်း စစ်သည်တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် မှစ၍ ကျန်းမာကြံ့ခိုင်မှုရှိစေရေး၊ တိုက်ရည်ခိုက်ရည်နှင့် ရဲစွမ်းသတ္တိရှိစေရေး၊ စစ်နည်းဗျူဟာနှင့် စစ်လက်နက်ပစ္စည်းများအပေါ် ကျွမ်းကျင်မှုရှိစေရေး အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်ပေးနေရမည်ဖြစ်ကြောင်း၊ အလားတူ နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာနှင့် စစ်နည်းဗျူဟာများကိုလည်း ခေတ်နှင့်အညီ အသုံးချနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်တစ်ရပ်ကို တည်ဆောက်သွားမည်ဆိုပါက မိမိတို့နိုင်ငံအပေါ် မည်သူကမျှ မလေးမစား ပြုလုပ်နိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်တစ်ရပ်ကို အမြဲတမ်းဆက်လက်ကြိုးပမ်း တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် တပ်မတော်၌ အမျိုးသမီးစစ်မှုထမ်းများသည်လည်း အမျိုးသားများနှင့် ရင်ပေါင်တန်း၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင်ကောက်ယူခဲ့သည့်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များအရ မိမိတို့နိုင်ငံတွင် အမျိုးသမီးဦးရေမှာ ပိုမိုများပြားသည်ကိုတွေ့ရှိရကြောင်း၊ သို့ဖြစ်၍နိုင်ငံတော်တွင် အမျိုးသမီးများ၏လုပ်အားမှာ မနည်းသည်ကို တွေ့မြင်နိုင်ကြောင်း၊ တပ်မတော်သားမိသားစုဝင် မှီခိုသူမိသားစုများ အချင်းချင်းအနေဖြင့် ညီရင်းအစ်ကို၊ မောင်ရင်းနှမစိတ်ဓာတ်မွေး၍ စည်းလုံးညီညွတ်စွာဖြင့်နေထိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ စစ်သည်အင်အားနှင့် ရဲမေအင်အားများ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်၏ ကာကွယ်ရေးအင်အားစုမှာ များစွာတောင့်တင်းခိုင်မာသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး စုစည်းညီညွတ်သည့်အားကို တန်ဖိုးထားဆောင်ရွက်ကြရန်လိုကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

အရာရှိ၊ စစ်သည်များအနေဖြင့် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် သိပ္ပံနှင့် နည်းပညာများကိုလည်း လေ့လာနေကြရန်လိုကြောင်း၊ ဗဟုသုတများရရှိစေပြီး အသိအမြင်များတိုးပွားလာစေရေး၊ မိမိတို့တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်စေရေးအတွက် စာပေဖတ်မှတ်လေ့လာခြင်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာပေဖတ်မှတ်လေ့လာခြင်းအားဖြင့် တစ်ဦးချင်းစွမ်းရည်များ တိုးမြင့်လာနိုင်မည်ဖြစ်ပြီး တစ်ဦးချင်းစွမ်းရည်မှ တပ်မတော်တစ်ရပ်လုံး၏စွမ်းရည်များ တိုးတက်လာစေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်၏ ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းနောက်ခံအကြောင်းအရာများကို မှန်မှန်ကန်ကန် သိမြင်ရှုမြင် သုံးသပ်နိုင်ရေးအတွက်လည်း စာပေများဖတ်ရှုကြရန်လိုကြောင်း၊ တပ်မတော်၏ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်နေရမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ခေတ်အဆက်ဆက် ဆောင်ရွက်ချက်သမိုင်းကြောင်းများကိုလည်း လေ့လာကြရန်လိုကြောင်း၊ နိုင်ငံတော်ကို ဦးဆောင်ခဲ့ကြသည့် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ သမိုင်းကြောင်းများကိုလည်း လေ့လာကြရန်လိုကြောင်း၊ ထိုသို့ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းများကိုဖတ်ရှုလေ့လာခြင်းဖြင့် မိမိတို့တပ်မတော်၏တာဝန်ထမ်းဆောင်ရမှုများကိုလည်း မှန်မှန်ကန်ကန်ဖြင့် သိရှိနားလည်လာမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ကြေးများနှင့် သက်စွန့်ဆံဖျားစရိတ်များ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်သားမိသားစုဝင်များ၏ နေရေး၊ စားရေးနှင့် ဝတ်ရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ တပ်မတော်အကြီးအကဲတစ်ဦးအနေဖြင့် မိမိဦးဆောင်ကွပ်ကဲအုပ်ချုပ်နေရသည့် အဖွဲ့အစည်းနှင့် မိမိတပ်ဖွဲ့ဝင်များကို မည်ကဲ့သို့မြှင့်တင်ဆောင်ရွက်ပေးရမည်ကို အမြဲမပြတ်စဉ်းစား၍ လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ **တပ်မတော်အနေဖြင့် နိုင်ငံတော်တွင် ကျရောက်လာနိုင်သည့် မည်သည့်အန္တရာယ်ရန်စွယ်ကိုမဆို ကာကွယ်ရန် တာဝန်ရှိသည်ဖြစ်သဖြင့် စွမ်းရည်စွမ်းအားရှိသည့်တပ်မတော်ဖြစ်စေရေး ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်**ကြောင်းဖြင့် မှာကြားပြီး အရာရှိ၊ စစ်သည်များ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း အသီးသီး လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စာဆိုဗိမာန် သုံးထပ် (RC) အဆောက်အအုံ တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ အမှတ်(၁၈-A) ၌ စာဆိုဗိမာန် သုံးထပ် (RC) အဆောက်အအုံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်နှင့် ရွှေတောင်ကုမ္ပဏီမှ တာဝန်ရှိသူများက ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ အပိုင်းလိုက်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မူလလက်ရာမပျက်စေဘဲ နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ဗိသုကာကောင်စီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတို့၏ Assessment Report များကိုအခြေခံ၍ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အဆောက်အအုံ သက်တမ်းသည် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိနေပြီး မြန်မာနိုင်ငံတွင် တစ်ခုတည်းသော ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် တန်ဖိုးထားထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ယခင်က လုပ်ငန်းလျာထားခဲ့သည့် ပြုပြင်မွမ်းမံခြင်းအဆင့်နှင့် မလုံလောက်ဘဲ အဆင့်မြှင့်တင်ပြုပြင်ခြင်း Retrofitting နှင့် Upgrading လုပ်ငန်းများကိုပါ မလွှဲမရှောင်သာ ဆောင်ရွက်ခဲ့ရသည့်အတွက် မူလလျာထားချက်ထက် ကုန်ကျငွေ ပိုမိုများပြားလာသည်ကို တွေ့ရပါကြောင်း၊ အများပြည်သူ ဝင်ထွက်အသုံးပြုမည့် ကဇာတ်ရုံဖြစ်ပြီး ဘေးကင်းလုံခြုံရန် လိုအပ်ခြင်း၊ နိုင်ငံတကာဂုဏ်ပြုခံ ကဇာတ်ရုံ ဂုဏ်အင်္ဂါ အဆင့်အတန်းနှင့် ကိုက်ညီရန် လိုအပ်ခြင်းတို့ကြောင့် စနစ်တကျ ပြုပြင်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဝဇီရာရုပ်ရှင်ရုံရှေ့ မြန်မာ့မီးရထားပိုင်မြေနေရာတွင် ယာဉ်ရပ်နားရန် နေရာလျာထား ဆောင်ရွက်သွားမည့် နေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စာဆိုဗိမာန် သုံးထပ် (RC) အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စာဆိုဗိမာန်ကို တာဝန်ယူတည်ဆောက်နေသည့် Myanmar Land & Development Ltd Project Director တို့က စာဆိုဗိမာန် အဆောက်အအုံ ၈၈ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်အဆောက်အအုံကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရန်နှင့် အရည်အသွေးနှင့် ကြံ့ခိုင်မှုအပိုင်းကို အထူးဂရုပြုရန်၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့ကလည်း အထူးကြပ်မတ်စစ်ဆေးရန်၊ စာဆိုဗိမာန်တွင် စာပေ၊ ဂီတ၊ သဘင်နှင့် ပတ်သက်ပြီး ပြသနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်ကြီးများ၏ အကြံဉာဏ်ကိုရယူကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန်၊ ပြတိုက်အတွင်း ပြသမည့် ပစ္စည်းများကိုလည်း အချိန်မီ စုဆောင်းထားရန်၊ စာဆိုဗိမာန် အဆောက်အအုံဝင်း အတွင်း/အပြင် သာယာလှပစေရေး သစ်ပင်၊ ပန်းမန်အလှပင်များ စနစ်တကျစိုက်ပျိုးထားရှိရန်၊ အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကိုသာ အသုံးပြုရန်၊ နိုင်ငံတော်အဆင့် အဆောက်အအုံဖြစ်သည့်အပြင် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ် အဆောက်အအုံ ဖြစ်သည့်အတွက် စာဆိုဗိမာန်ကို စနစ်တကျဖြစ်စေရေး ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် စာဆိုဗိမာန်သုံးထပ် (RC) အဆောက်အအုံ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **သတင်းစဉ်**

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီးကို အစဉ်အမြဲကာကွယ်စောင့်ရှောက်

**မျက်မှောက်ကာလသည် တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်မှုကို ခိုင်မာစွာတည်ဆောက်ကြရမည့် အချိန်အခါဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပင်လုံစာချုပ်ကြီး ချုပ်ဆိုပြီး အခိုင်အမာသက်သေထူပြနိုင်ခဲ့သကဲ့သို့ မျက်မှောက်ကာလတွင်လည်း အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်မှုကို စိတ်တူကိုယ်တူ တစ်သားတည်းဖြစ်အောင် တည်ဆောက်ထားဖို့ လိုအပ်ပါသည်။**

**ကိုရေချမ်း**

နိုင်ငံအတွင်း စည်းလုံးညီညွတ်မှု အားနည်းလာသည်နှင့်အမျှ တိုင်းတစ်ပါးမှနေ၍ အချုပ်အခြာအာဏာကို ထိပါးစော်ကားလာခြင်း၊ အမျိုးသားသစ္စာဖောက်များက ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးအောင် လုပ်ဆောင်လာခြင်းတို့ ပိုများလာမည်ကို သတိပြုဖို့လိုသည်။

မြန်မာနိုင်ငံ တိုင်းတစ်ပါးကျွန်ဘဝရောက်စဉ်က ဗြိတိသျှတို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရသည့်တိုင် ပြည်မကိုသာ လွတ်လပ်ရေးပေးမည်၊ တောင်တန်းဒေသများကို ချန်လှပ်ထားမည်ဆိုသည့် အကြံအစည်ဖြင့် အချင်းချင်းညီညွတ်မှု ပြိုကွဲစေမည့် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို ဖန်တီးခဲ့သည့် အမွေဆိုးများသည် လွတ်လပ်ရေးနှင့်အတူ ယနေ့ထက်တိုင် ဖြစ်ပေါ်နေဆဲဖြစ်သည်။ လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလက တောင်တန်းနှင့် ပြည်နယ်ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးကို တပေါင်းတစည်းတည်း အတူရယူမည်ဆိုသည့် ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသားခေါင်းဆောင်ကြီး ၂၃ ဦးတို့က ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့နံနက်တွင် ပြည်ထောင်စုစာချုပ်ကြီးကို သမိုင်းဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် အချုပ်အခြာအာဏာ ပိုင်ဆိုင်သည့် နိုင်ငံကြီးဖြစ်လာမည့် သက်သေအထောက်အထားဖြစ်သည်။

**ပကတိ ရိုးသားဖြူစင်**

စည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ လွတ်လပ်ရေးအတွက်သာမက နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှ အရေးကြီးပါသည်။ ထို့အပြင် နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် ကြီးမားသည့် မောင်းနှင်အားလည်းဖြစ်သည်။ ထို့ကြောင့်လည်း တိုင်းရင်းသားညီအစ်ကိုများအကြားသံသယများကိုဖယ်ရှားကာ ဆွေးနွေးညှိနှိုင်းပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်ကြရမည်ဖြစ်သည်။ လက်နက်ကိုင်များရှိသည့် နယ်မြေဒေသများမှ ပြည်သူများသည် နိုင်ငံနှင့်ပြည်သူ အကျိုးစီးပွားထိခိုက်စေသည့် အကြမ်းဖက်မှုများနှင့် တိုက်ခိုက်မှုများကို စိတ်ကုန်မုန်းတီးနေကြပြီဖြစ်သည်။ တိုင်းရင်းသားများ၏ ပင်ကိုစိတ်ရင်းသည် အေးချမ်းစွာ နေထိုင်စားသောက်လိုစိတ်၊ ကိုယ်ချင်းစာစိတ်နှင့် အချင်းချင်းရိုင်းပင်းကူညီလိုစိတ် အပြည့်ရှိကြပြီး ပကတိရိုးသားဖြူစင်သည့် စိတ်ထားများရှိကြသည်။

ကိုလိုနီနယ်ချဲ့၏ သွေးခွဲအုပ်ချုပ်ခဲ့မှု ပယောဂ အမွေဆိုးများနှင့် နယ်ချဲ့လက်သစ်နှင့် လက်ဝေခံများ၏ သွေးထိုးမြှောက်ပင့် စိတ်ဝမ်းကွဲအောင် ဖန်တီးမှုများကြောင့် ယနေ့အချိန်အထိ တိုင်းရင်းသားညီနောင်အချင်းချင်းအကြား လက်နက်ကိုင်ပဋိပက္ခများနှင့် မတည်ငြိမ်၊ မအေးချမ်းဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် "မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးပြဿနာများနှင့် ပဋိပက္ခများကို ဖြေရှင်းရာတွင် ပြည်ပနိုင်ငံအချို့က ပြည်တွင်းပဋိပက္ခကို ဒေသတွင်း ပဋိပက္ခအထိ ဖြစ်ပေါ်လာအောင် ဖန်တီးနေကြပါသည်။ တိုင်းပြည်စည်းလုံးမှု ပြိုကွဲပါက အင်အားချည့်နဲ့ကာ ခေတ်သစ်ကိုလိုနီနယ်ချဲ့များ ပါဝင်ပတ်သက်ဝင်ရောက်စွက်ဖက်လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံ မဖြစ်စေရန်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးစေရန်နှင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားပြည်သူအပေါင်း စည်းလုံးညီညွတ်စွာဖြင့် အကြမ်းဖက်မှုများကို တားဆီးဟန့်တားကြရန် လိုအပ်ပါသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသော အစိုးရ၊ တပ်မတော်နှင့်ပြည်သူ လူထုတို့ စိတ်တူကိုယ်တူ တစ်သားတည်း တည်ရှိနေကြမှသာ မြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်"ဟု ဖော်ပြသည့်အတိုင်း ညီညွတ်မှုကို အားလုံးတည်ဆောက်ကြရမည်ဖြစ်သည်။

> **❝ စည်းလုံးသည့်နိုင်ငံ၊ ညီညွတ်သည့်နိုင်ငံ၊ နိုးကြားသည့်နိုင်ငံသည် အစဉ်ထာဝရ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။ မစည်းလုံးသည့် နိုင်ငံ၊ မညီညွတ်သည့်နိုင်ငံ၊ မနိုးကြားသည့်နိုင်ငံသည် ယိုယွင်းပျက်စီး ပျောက်ကွယ်သွားနိုင်သည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံရှိပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး ပကတိလိုအပ်ချက်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး ဖြစ်ပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရန်အတွက် အားလုံးစည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ကြရမည်ဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှု၊ ဘဝလုံခြုံမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည် ❞**

**အားလုံးညီညွတ်ကြမှ**

စည်းလုံးသည့်နိုင်ငံ၊ ညီညွတ်သည့်နိုင်ငံ၊ နိုးကြားသည့်နိုင်ငံသည် အစဉ်ထာဝရတည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။ မစည်းလုံးသည့် နိုင်ငံ၊ မညီညွတ်သည့်နိုင်ငံ၊ မနိုးကြားသည့်နိုင်ငံသည် ယိုယွင်းပျက်စီး ပျောက်ကွယ်သွားနိုင်သည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံရှိပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး ပကတိလိုအပ်ချက်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးဖြစ်ပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရန်အတွက် အားလုံးစည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ကြရမည်ဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှု၊ ဘဝလုံခြုံမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။

တိုင်းပြည်တစ်ပြည် ကောင်းမွန်စွာ ရှင်သန်ရပ်တည်နေနိုင်ရန်အတွက် မိမိတိုင်းပြည်ကိုကာကွယ်နိုင်စွမ်းနှင့် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းများကို မြှင့်တင်ပေးနေရမည်ဖြစ်သည်။ မြှင့်တင်ပေးသည့်နေရာတွင် စည်းလုံးညီညွတ်မှုသည် အရေးအကြီးဆုံးအချက်ဖြစ်သည်။ ကျယ်ပြန့်နက်ရှိုင်းသည့် နိုင်ငံတစ်ဝန်းလုံး စည်းလုံးညီညွတ်မှုကို အစိုးရတစ်ရပ်တည်းဖြင့် ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ပါ။ တစ်ဦးချင်းတစ်ယောက်ချင်း၊ တစ်ဒေသချင်းအလိုက် စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ထားကြဖို့ လိုအပ်သည်။ စည်းလုံးညီညွတ်မှုကို တည်ဆောက်ရန်ခက်ခဲသော်လည်း စည်းလုံးညီညွတ်မှု ပြိုကွဲအောင်ဖန်တီးမှုမှာ လွယ်ကူသည်။ ညီညွတ်ပြိုကွဲသွားလျှင် ပြန်လည်စည်းလုံးနိုင်ရန် အလွန်ခက်ခဲသည်။ ယနေ့နှစ်ပေါင်း ၇၀ ကျော်ကြာ ဖြစ်ပေါ်နေသည့် ပဋိပက္ခများက သင်ခန်းစာယူစရာများဖြစ်သည်။

**သင်ခန်းစာဖော်ထုတ်ယူ**

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ခဲ့ကြသည့် ညီရင်းအစ်ကို၊ မောင်ရင်းနှမများဖြစ်ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်ရာဒေသ၊ ကြီးပြင်းရာပတ်ဝန်းကျင်၊ ကိုးကွယ်ရာဘာသာ၊ ပြောဆိုရာစကားနှင့် မြတ်နိုးရာစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းများ မတူကွဲပြားသော်လည်း ပြည်ထောင်စုသွေးချင်းသားရင်းများဖြစ်ကြသည်ဆိုသည့် အသိစိတ်နှင့် တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားလေးစားကာ စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများဖြင့် ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲ နေထိုင်လာခဲ့ကြခြင်းဖြစ်သည်။ နေရာဒေသအသီးသီးတွင် ရှိကြသည့် တိုင်းရင်းသားပြည်သူအချင်းချင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသည့် ဗြဟ္မစိုရ်တရားလေးပါးနှင့် ဆက်ဆံနေထိုင်ကြမည်ဆိုပါက အေးချမ်းသာယာသည့် လူ့ဘောင်လောကကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ချစ်ခင်ညီညွတ်ခဲ့ကြမှုများကို လက်ဆင့်ကမ်းထိန်းသိမ်းကြရမည်ဖြစ်သည်။

မျက်မှောက်ကာလဖြစ်ပေါ်နေသည့်အက်ကြောင်းများကို ကြည့်လျှင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် ရွေးကောက်ပွဲရလဒ် ပယ်ဖျက်ခံရမှုကိုအကြောင်းပြု၍ လွှတ်တော်ကိုယ်စားလှယ်ဟောင်းအချို့က လူထုစိတ်ခံစားချက်ကို အသုံးချပြီး သွေးထိုးလှုံ့ဆော်မှုမှစသည်ဟု ဆိုလျှင်လည်း မှန်သည်။ အခြေခံဇာစ်မြစ်တွင် အစောပိုင်းကတည်းက တပ်မတော်မုန်းတီးရေးကို အဘက်ဘက်မှ ရိုက်သွင်းပေးခဲ့ပြီးဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ၎င်းတို့၏ ရည်မှန်းချက်များ အောင်မြင်အောင်ဆောင်ရွက်ရာတွင် လူမျိုးရေးစိတ်ဓာတ်ကို အစွန်းရောက်သည်အထိ လှုံ့ဆော်ခြင်း၊ လူမျိုးရေးမုန်းတီးမှု ဖြစ်ပေါ်အောင် သွေးခွဲခြင်း စသည့်ပြည်ထောင်စုကြီးအတွင်း အတူနေထိုင်သူအချင်းချင်း အန္တရာယ်ကြီးမားသည့် လုပ်ရပ်များကို လုပ်ကိုင်နေခြင်းသည် ကိုလိုနီလက်ဟောင်း/လက်သစ်တို့၏ သွေးခွဲပေးမှု၏ အမွေဆိုးများဖြစ်သည်ကို ကမ္ဘာ့နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေး အခြေအနေများအရ သိသာနိုင်ပေသည်။

**အဖျက်လုပ်ရပ်များ**

မကြာသေးမီက PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ထိန်းချုပ်ထားသည့် နယ်မြေအချို့ရှိ ကျေးလက်နေ ပြည်သူများ၏ ဖြစ်စဉ်အချို့ကိုကြည့်လျှင် ပညာရေးအားနည်းမှုကို အသုံးချပြီး နိုင်ငံရေးပယောဂများ ရိုက်သွင်းထားခြင်းခံရမှုကို စိတ်မကောင်းဖွယ်တွေ့ခဲ့ရသည်။ ယခုကာလ နိုင်ငံတစ်ဝန်းလုံး၌ ပြည်သူများ လိုလားသည့် ရွေးကောက်ပွဲများ ကျင်းပနေချိန်တွင် ရေတာရှည်မြို့နယ်အတွင်းမှ မသိနားမလည်သော ကျေးလက်ပြည်သူအချို့က ကျေးရွာအတွင်း၌ ရွေးကောက်ပွဲအား ဆန္ဒပြနေသည်ကို တွေ့လိုက်ရသည်။ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူအချို့သည် မမြင်မတွေ့ဖူးသည့် ပြည်ပရှိ အကြမ်းဖက်အဖွဲ့အား ငါတို့အစိုးရကို ထောက်ခံကြဟု ကြွေးကြော်ကြသည့်ဖြစ်စဉ်တို့သည် အသိပညာအားနည်းသော ကျေးလက်နေပြည်သူအချို့၌ နိုင်ငံရေးပယောဂများ ပူးကပ်ပြီး အဖျက်လုပ်ရပ်များ လုပ်ကိုင်နေကြခြင်းဖြစ်သည်။

တိုင်းရင်းသားလူမျိုးများစွာ အတူတကွစုစည်းနေထိုင်ကြသောနိုင်ငံ၊ ပြည်ထောင်စုကြီး၏ တစ်ခုတည်းသောနယ်နိမိတ်အတွင်း တစ်ဆက်တစ်စပ်တည်းရှိနေသည့် လူမှုဘဝများသည် ခွဲခြား၍ မရနိုင်သော အမြဲတေဖြစ်သည်။ လူမျိုးအချင်းချင်း စိတ်သဘောထားများကွဲပြားမှု၊ အမုန်းတရားများ တိုးပွားအောင် ပြုလုပ်မှုများသည် အဖြူထည်နှလုံးသားပြည်သူများအား အရောင်ဆိုးပေးလိုက်သည့် ယုတ်မာပက်စက်သည့် အကြံအစည်ဖြစ်သည်။ ပြန်လည်တည်ဆောက်ရန်ခက်ခဲသည့် စည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးကို ညီညွတ်ပြီးငြိမ်းချမ်းသာယာဝပြောနေသည့် နိုင်ငံဒေသများနှင့် ညီညွတ်မှုပျက်ပြားပြီး ပြိုကွဲပျက်စီးနေသည့် နိုင်ငံဒေသများအား နှိုင်းယှဉ်လေ့လာကြည့်ပြီး သင်ခန်းစာယူကြရမည်ဖြစ်သည်။ ညီညွတ်ခြင်းကြောင့် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြရသည့် ဘဝများ၊ မညီညွတ်ခြင်းကြောင့် ဆင်းရဲဒုက္ခရောက်ကြရသည့် စိတ်မချမ်းမြေ့ဖွယ်ရာများကို သင်ခန်းစာထုတ်ယူ၍ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ရရှိနိုင်အောင် မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

**အကွက်ချစီမံဆောင်ရွက်**

ယနေ့ကမ္ဘာကြီးတွင် တစ်နိုင်ငံတည်း သီးခြားဖြစ်တည်နေသည့် အနေအထားမဟုတ်တော့ပြီ။ နိုင်ငံများ၏ အကောင်းအဆိုးသည် ပြည်တွင်းပြည်ပဆက်နွှယ်ပေါင်းစပ်ဖြစ်ပေါ်လာသည်ကို တွေ့ရမည်ဖြစ်သည်။ ပထဝီနိုင်ငံရေးအရ ကိုယ်ကျိုးစီးပွားရှေ့တန်းတင်မှုများက နယ်စည်းမခြားရိုက်ခတ်မှုရှိလာသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်တွင်းအခြေအနေမှ ဒေသတွင်းအခြေအနေသို့ လည်းကောင်း၊

*စာမျက်နှာ ၉ သို့*

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)သို့ လာရောက်လေ့လာကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်း



**နေပြည်တော် ဇန်နဝါရီ ၂၅**

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း ( ၃ ) သို့ လာရောက် လေ့လာခဲ့ကြသည့် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြု ညစာစားပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ညစာစားပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း ဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲ ကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့၊ နီပေါ နိုင်ငံ ရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စား လှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံ ရွေးကောက် ပွဲကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်နှင့် International Conference of Asian Political Parties (ICAPP) အဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန် ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြ သည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲ၏ အရေးကြီးသည့် မှတ်တိုင်တစ်ခုဖြစ်သည့် ရွေးကောက်ပွဲအပိုင်း ( ၃ ) ကို အောင်မြင် စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် အဆွေတော်တို့၏ ပါဝင်ဆောင်ရွက်ခဲ့မှုများကို ချီးကျူး မှတ်တမ်းတင်သည့်အနေဖြင့် ယနေ့ ဂုဏ်ပြုညစာစားပွဲကို ကျင်းပပြုလုပ် ရခြင်း ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲကျင်းပသည့် လုပ်ငန်း စဉ်တစ်လျှောက်လုံးတွင် ပါဝင်၍ စောင့်ကြည့်လေ့လာခဲ့ကြသည့်အတွက် မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံ ပြည်သူများကိုယ်စား အထူးပင်ကျေးဇူး တင်ရှိပါကြောင်း၊ အဆွေတော်တို့၏ စောင့်ကြည့်လေ့လာမှုသည် လွတ်လပ်မှု နှင့် တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုကို ခိုင်မာစေရုံသာမက ရွေးကောက်ပွဲ ကော်မရှင်၊ နိုင်ငံရေးပါတီများ၊ လွှတ်တော် ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင် ပြည်သူများနှင့် ရွေးကောက်ပွဲတွင် ပါဝင်သူအားလုံး၏ ယုံကြည်မှုကို ပိုမို ခိုင်မာစေမည်ဖြစ်ပါကြောင်း။

နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံအဖွဲ့ဝင်များ၊ လုံခြုံရေးတာဝန် ထမ်းဆောင်ကြသူများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြ သူများ၊ အထူးသဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန်သိစိတ်ဖြင့် လာရောက်မဲပေးခဲ့ကြ သည့် မဲဆန္ဒရှင်ပြည်သူများ၏ ကြိုးစား အားထုတ်မှုများကို အဆွေတော်တို့အနေ ဖြင့် မျက်ဝါးထင်ထင် မှတ်ကျောက်တင် နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ပြည်သူများ၏ စိတ်အေးချမ်းသာယာ၊ ပျော်ရွှင်တက်ကြွ စွာနှင့် နိုင်ငံ့အနာဂတ်အတွက် မဲပေးနေ မှုများကို တွေ့မြင်သိရှိခဲ့ကြပြီး ဖြစ်ပါ ကြောင်း။

ယနေ့ အခမ်းအနားကတစ်ဆင့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာအသိုင်းအဝိုင်း တို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် နားလည်မှုကို ပိုမိုခိုင်မာစေမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ စစ်မှန် ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေမည့် အဆွေတော် တို့၏ လေ့လာတွေ့ရှိချက်များနှင့် အကြံပြု ချက်များကိုလည်း စောင့်မျှော်နေပါ ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်မှုသည် မြန်မာနိုင်ငံ၏ ကောင်းမွန်သည့် အရွေ့တစ်ခုကို ဖော်ဆောင်နိုင်ခြင်း ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ အပိုင်း (၃) ပိုင်းလုံးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့်တက်ရောက်လာကြသည့် အဆွေတော် တစ်ဦး တစ်ယောက်ချင်းစီကိုလည်း ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌသည် ညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့် ဂုဏ်ပြု ညစာကို အတူတကွ သုံးဆောင်ကြပြီး ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ် အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေး မှုအကအဖွဲ့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်မှု များကို ကြည့်ရှုအားပေးခဲ့ကြပြီး ဖျော်ဖြေ တင်ဆက်မှုအပြီးတွင် အနုပညာဦးစီးဌာန အဖွဲ့များအား ဂုဏ်ပြုပန်းခြင်းများနှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

ICJ ကြားနာပွဲတွင် မြန်မာနိုင်ငံကိုယ်စား သွားရောက် ဖြေရှင်းနေသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော Agent of Myanmar အဖွဲ့အား ပြည်သူ တစ်ရပ်လုံးအနေဖြင့် အားပေးထောက်ခံလျက်ရှိသည်ကို ဝမ်းသာဂုဏ်ယူဖွယ် မြင်တွေ့ရပါသည်။

အဖွဲ့အစည်းအသီးသီးမှ လူမှုကွန်ရက်ပေါ်တွင် ထောက်ခံ အားပေးသည့် Post များ ရေးသားခြင်း၊ ထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း၊ မြေပြင် ထောက်ခံပွဲများ ပြုလုပ်ခြင်းများကို မည်သူ့တိုက်တွန်းချက်မှမပါဘဲ အားတက်သရော လုပ်ဆောင်နေကြသည်ကို လေးစားဂုဏ်ယူဖွယ် အသိ အမှတ်ပြုပါသည်။

သို့ရာတွင် Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့် အညီ တရားရင်ဆိုင်ဆဲကာလဖြစ်သဖြင့် အားပေးထောက်ခံမှုများအား လူမှုကွန်ရက် ပေါ်တွင်လည်းကောင်း၊ အဖွဲ့အစည်းများမှ မြို့/ရွာ အသီးသီး တွင် ထောက်ခံပွဲများ ပြုလုပ်ရာတွင်လည်းကောင်း အောက်ပါအချက်များအား အထူးသတိပြုလိုက်နာကြ ပါရန် နှိုးဆော်အပ်ပါသည်-

(၁) ICJ တရားရုံးနှင့် တရားသူကြီးများအား ဝေဖန်ပုတ်ခတ်ခြင်း၊ ဖိအားပေးသည့်သဘော ရေးသားပြောဆိုခြင်းများ လုံးဝမပြုလုပ်ကြပါရန်။

(၂) လူမျိုးရေးခွဲခြားသည့် အသုံးအနှုန်းများ ရေးသားပြောဆိုခြင်း၊ လက်ကိုင်ဆိုင်းဘုတ် ပြုလုပ်ခြင်းများ မပြုလုပ်ကြပါရန်။

(၃) တိုင်းရင်းသားအမျိုးအမည်တွင် မပါဝင်သည့် တိုင်းရင်းသားအဖြစ် မသတ်မှတ်ထားသည့် လူမျိုးအမည်အား သုံးစွဲပြီး ထိုအမည်အား အမုန်းစကား (Hate Speech) များ မပြုလုပ်ကြပါရန်။

(၄) Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာ ဥပဒေများနှင့်အညီ သက်သေအထောက်အထား ခိုင်လုံစွာဖြင့် တရားရုံးတွင် ရင်ဆိုင် ဖြေရှင်းနေကြောင်းကို သာထောက်ခံရေးသား ပြောဆိုကြပါရန်။

သတင်းအဖွဲ့

**ဒို့ညီနောင်ထု
တည်ထောင်ပြု
ပြည်ထောင်စုအတွက်
လက်ချင်းဆက်၊
စည်းလုံးချစ်ကြည်
မြဲခိုင်ကျည်
ပေါင်းစုညီညာ
ပြည်သာယာ။**

*စာမျက်နှာ ၈ မှ*

ဒေသတွင်းအခြေအနေမှ ပြည်တွင်းအခြေအနေသို့ လည်းကောင်း ဆက်စပ်အသုံးချလာကြသည်ကို သတိပြုရမည်ဖြစ်သည်။ ကိုလိုနီနယ်ချဲ့စနစ်သည် ဒုတိယကမ္ဘာစစ်မတိုင်မီကာလက နိုင်ငံတစ်နိုင်ငံ အား တိုက်ရိုက်ကျူးကျော် အမြတ်ထုတ်သည့်အခြေ အနေမှ ဒုတိယကမ္ဘာစစ်အပြီး စစ်အေးခေတ်ကာလ ရောက်သည့်အခါ နယ်ချဲ့စနစ်၏ မဟာဗျူဟာ ပြောင်းလဲလာသည်ကို သတိပြုရမည်ဖြစ်သည်။ ယနေ့နိုင်ငံအတွင်း၌ ဖြစ်ပေါ်လာသော နိုင်ငံရေး ဂယက်ရိုက်ခတ်မှုအခြေအနေများမှာ တိုက်တိုက် ဆိုင်ဆိုင်ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ ကိုလိုနီနယ်ချဲ့ စနစ်၏ မဟာဗျူဟာအရ ကြိုတင်အကွက်ချ၍ စီမံ ဆောင်ရွက်ခဲ့ခြင်းများသာဖြစ်သည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံကြီးအချို့၏ နယ်ချဲ့ စနစ် မဟာဗျူဟာနည်းလမ်းမှာ စစ်ရေးအရ တိုက်ရိုက်ကျူးကျော်တိုက်ခိုက်ခြင်း၊ နောက်ကွယ်မှ အဖျက်အမှောင့် (CIA ကဲ့သို့ အဖွဲ့အစည်းများ) နည်းလမ်းများဖြင့် စွက်ဖက်နှောင့်ယှက်ခြေရှုပ်ခြင်း၊ ပြည်တွင်းမှ အတိုက်အခံများနှင့် အမျိုးသားသစ္စာ ဖောက်များကို အသုံးချခြင်းဟူသည့် နည်းလမ်း သုံးမျိုးကို အသုံးပြုလာသည်ကို တွေ့နိုင်သည်။ တိုက်ရိုက်ကျူးကျော်တိုက်ခိုက်ခြင်းတွင် အရေးကြီး ကိစ္စတစ်ရပ်ကို အကြောင်းပြု၍ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်နက်နယ်မြေကို ပြောင်ပြောင် တင်းတင်း ဝင်ရောက်ကျူးကျော်ခဲ့သည့် အာဖဂန် နစ္စတန်၊ အီရတ်၊ လစ်ဗျား၊ ဆီးရီးယားဖြစ်စဉ်များကို တွေ့ရမည်ဖြစ်သည်။ အီရတ်နိုင်ငံသမ္မတ ဆက်ဒမ် ဟူစိန်၊ ပနားမားနိုင်ငံခေါင်းဆောင် နိုရီဂါနှင့်မကြာသေး မီက ဗင်နီဇွဲလားသမ္မတတို့၏ ဖြစ်စဉ်များသည် နိုင်ငံ တစ်နိုင်ငံကို စစ်ရေးအရ အဓမ္မကျူးလွန်ခြင်းဖြစ်သည်။

### အန္တရာယ်ကျရောက်နိုင်

နိုင်ငံတစ်နိုင်ငံကို နောက်ကွယ်မှ ဝင်ရောက် စွက်ဖက်နှောင့်ယှက်ပြီး တိုင်းပြည်ပြိုကွဲပျက်စီး အောင် ဖန်တီးခဲ့သည့်ဖြစ်စဉ်များကို မြန်မာနိုင်ငံတွင် လည်း ကြုံတွေ့ခဲ့ရ၊ ကြုံတွေ့နေရပြီး သာဓကအား ဖြင့် ဂွာတီမာလာ၊ ချီလီနိုင်ငံနှင့် အီရန်နိုင်ငံတို့တွင် လည်းကြုံတွေ့ခဲ့ရသည်။ ပြည်တွင်းစည်းလုံးညီညွတ် ပျက်ပြားပြီး နိုင်ငံပြိုကွဲပျက်စီးစေရန်အတွက် ၎င်းတို့ဘက်သို့မပါသည့် အစိုးရတစ်ရပ်အား ပြည်တွင်းအတိုက်အခံများ၊ အမျိုးသားသစ္စာဖောက် များ၊ လူမျိုးစုလက်နက်ကိုင်များကို လက်သပ်မွေးမြူ ခြင်း၊ အားပေးထောက်ပံ့ခြင်း၊ ကူညီပေးခြင်း၊ ပြည်တွင်းစီးပွားရေး ထိခိုက်မှုဖြစ်စေရေး၊ ပြည်သူ များ အကျပ်အတည်းဖြစ်စေရေးအတွက် ပြည်ဖျက် မီဒီယာများကို မွေးမြူအသုံးချခြင်း၊ သွေးထိုးလှုံ့ဆော် မြှောက်ပင့်ပေးခြင်း၊ စီးပွားရေးပိတ်ဆို့ခြင်းများကို အဆက်မပြတ်ဆောင်ရွက်ခဲ့ကြသည်။

မျက်မှောက်ကာလ ပြည်တွင်း၊ ပြည်ပ အခြေ အနေအရပ်ရပ်ကို ကြည့်လျှင် နိုင်ငံတစ်နိုင်ငံ စည်းလုံးညီညွတ်မှုပျက်ပြားသည်နှင့် အန္တရာယ် အချိန်မရွေး ကျရောက်လာနိုင်သည်ကို သတိပြုရ မည်ဖြစ်သည်။ မိမိနိုင်ငံပြဿနာကို မိမိနိုင်ငံသား အချင်းချင်း ပေါင်းစည်းဖြေရှင်းကြရမည်ဖြစ်ပြီး မိမိနိုင်ငံ ဖရိုဖရဲပြိုကွဲနေပါက တိုင်းတစ်ပါးက အလွယ် တကူဝင်ရောက်စွက်ဖက်ကာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးသွားနိုင်သည်။ လွန်ခဲ့သည့် ၇၈ နှစ်က ရရှိခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စုပေါင်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခဲ့၍သာ ယနေ့ထက်တိုင် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲနေ ခြင်းဖြစ်သည်။ ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးနိုင် သည့် အတွင်း၊ အပြင်အန္တရာယ်များ ရှိခဲ့ပြီးဖြစ်သလို မျက်မှောက်ကာလ၊ အနာဂတ်ကာလများတွင်လည်း ရှိနေဦးမည်ဖြစ်၍ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာ တည်ဆောက် ၍ ပြည်ထောင်စုကြီးကို အစဉ်အမြဲကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ရှိ မြန်မာ့ရုပ်မြင်သံကြားတွင် ဌာနနှင့် ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်နေသော မီဒီယာလုပ်ငန်းများ ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၂၅

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ဌာနနှင့် ပုဂ္ဂလိကတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မီဒီယာလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။**

ဦးစွာ MyanSat DTH ထုတ်လွှင့်ရေးနှင့် ဖြန့်ချိရေး ရုံးချုပ်သို့ ရောက်ရှိစဉ် Chief Operation Officer ဦးသန့်စင်က ရုံးချုပ်အဆောက်အအုံဌားရမ်း၍ ပြင်ဆင်ဆောင်ရွက်ခဲ့မှုနှင့် ဖြန့်ခွဲနေရာချထားပြီး လုပ်ငန်းဆောင်ရွက်နေမှု၊ ပြည်တွင်း/ပြည်ပ ရုပ်သံလိုင်းပေါင်း ၁၅၆ လိုင်းဖြင့် စီစဉ်ထုတ်လွှင့်နေမှု၊ နိုင်ငံတစ်ဝန်း၌ ဖြန့်ချိရေးအရောင်းဆိုင် ၁၀၂ ဆိုင် ဖွင့်လှစ်ပြီး MyanSat Set Top Box (STB)တစ်သောင်းကျော် ရောင်းချထားရှိမှုအပြင် MRTV DTH Set Top Box (STB) များလည်း ရောင်းချပေးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် Shwe FM ထုတ်လုပ်ရေးရုံးသို့ ရောက်ရှိရာ ရွှေသံလွင်မီဒီယာကုမ္ပဏီမှ MD ဦးမင်းမင်းက ထုတ်လုပ်ရေးရုံးနှင့် စတူဒီယိုတို့ နေရာခွဲခြားဆောင်ရွက်နေမှု၊ ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်နှင့် ကရင်ပြည်နယ်တို့အတွက် ဦးစွာ ထုတ်လွှင့်ပေးခဲ့ရာမှ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွက် တိုးချဲ့ပြီး ထပ်ဆင့်လွှင့်စက်ရုံ ၁၇ ရုံမှတစ်ဆင့် ထုတ်လွှင့်နေမှု၊ နေ့စဉ် နံနက် ၅ နာရီမှ ည ၁၁ နာရီအထိ စုစုပေါင်း ၁၈ နာရီ စီစဉ်ပြီး မြန်မာ့အသံသတင်းများကို နေ့စဉ် မွန်းလွဲ ၁ နာရီနှင့် ည ၈ နာရီတို့တွင် တိုက်ရိုက်ရယူ ထုတ်လွှင့်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် (200 Meter Transmission work station) လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက သဘာဝဘေးဒဏ် ဖြစ်ပွားမှုများ ကြုံတွေ့ခဲ့ရသော်လည်း တာဝါတိုင်နှင့် အလုပ်ရုံတို့ ထိခိုက်မှုမရှိဘဲ ကြံ့ခိုင်ကောင်းမွန်မှု၊ လာမည့်နှစ်များတွင် တာဝါတိုင်အား ဆေးသုတ်၍ ထိန်းသိမ်းရန် စီစဉ်ထားမှု၊ Satellite Transmitter Antenna လုပ်ငန်းစဉ်များအတိုင်း MRTV, Forever, Skynet, ပတ္တမြားFM တို့ ရယူအသုံးပြုနေမှု၊ Skynet DTH Control အား လှည့်လည်အသုံးပြုနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် Forever ကုမ္ပဏီရုံးချုပ်သို့ရောက်ရှိရာ CEO ဒေါက်တာ ဟိန်းထက်အေးနှင့် အထွေထွေမန်နေဂျာ ဦးကျော်ကျော်တို့က ရုပ်သံလုပ်ငန်းများ နေရာခွဲခြားဆောင်ရွက်နေမှုများအနက် ယခုနေရာတွင် ရုံးချုပ်၏ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့်အတူ မန္တလေး FM နှင့် ပဉ္စဝတီ FM (Teen Radio) ထုတ်လုပ်ရေးနှင့် ထုတ်လွှင့်ရေးများ ဆောင်ရွက်နေမှု၊ Mandalay FM သည် နေပြည်တော်နှင့် တောင်ငူမြို့တို့တွင် မိုင် ၃၀ ပတ်လည်၊ ရန်ကုန်မြို့တွင် မိုင် ၆၀ ပတ်လည်နှင့် မန္တလေးမြို့တွင် မိုင် ၉၀ ပတ်လည်သို့ နေ့စဉ် ၁၈ နာရီကြာ ထုတ်လွှင့်၊ ရောက်ရှိမှု၊ ပဉ္စဝတီ FM ကို Teen Radio အမည်ဖြင့် ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အတွက် နေ့စဉ် ၁၈ နာရီ စီစဉ်ထုတ်လွှင့်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း Forever ကုမ္ပဏီရုံးချုပ်၌ အသံလွှင့်စတူဒီယိုများကို လိုက်လံကြည့်ရှုစဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အသံလွှင့်စတူဒီယိုများကို လိုက်လံကြည့်ရှုပြီး အဆိုပါ FM ပရိသတ်များသို့ နှုတ်ခွန်းဆက်ပြောကြားမှုကို တိုက်ရိုက် (Live) ထုတ်လွှင့်မှုဖြင့် ပါဝင်ဆောင်ရွက်သည်။

ထို့ပြင် စတူဒီယို – အေ နှင့် ဆက်စပ်စတူဒီယိုများ ပါဝင်သော အဆောက်အအုံအတွက် လျှပ်စစ်ဓာတ်အားချွေတာအသုံးပြုနိုင်သည့် Ton 250 , Chiller System ဖြင့် အဆင့်နှစ်ဆင့်ခွဲခြား၍ အစားထိုးတပ်ဆင်နေမှုတွင် ဒုတိယအဆင့် Ton 125 တပ်ဆင်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး အအေးဓာတ်ဖြန့်ခွဲနေရာ(AHU)များနှင့် အအေးဓာတ်ပေးပို့လိုင်း (Duct Line)များ စစ်ဆေးပြုပြင်ရန်နှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ စက်မှုစတိုမှ အရန်စက်ပစ္စည်းများအား မှတ်တမ်းထား၍ စနစ်တကျ ထိန်းသိမ်း/ထုတ်ပေးရန်၊ အရေးပေါ်ဓာတ်အားလိုင်းချွတ်ယွင်းမှုဖြစ်ပေါ်ပါက ၅၀၀ ကေဗွီအေ မီးစက်ကြီးနှစ်လုံးဖြင့် အချိန်နှင့်တစ်ပြေးညီ ဖွင့်လှစ်အသုံးပြုနိုင်ရန်အတွက် စက်ကြံ့ခိုင်ရေးအပါအဝင် စမ်းသပ်မောင်းနှင်ရေးကို စနစ်တကျဖြင့် မှတ်တမ်းထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ဌာနဆိုင်ရာများ၊ ဒေသခံများနှင့် တွေ့ဆုံ၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် Fire Hotspots ဖြစ်ပွားမှု လျှော့ချရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၅**



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့က ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ကျိုင်းတုံမြို့နှင့် မိုင်းဖြတ်မြို့များမှ ဌာနဆိုင်ရာ တာဝန်ခံများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုနှင့် Fire Hotspots ဖြစ်ပွားမှု လျှော့ချရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုအချိန်ကာလ ပွင့်လင်းရာသီတွင် တောမီးနှင့် အခြား မီးလောင်ကျွမ်းမှုများကြောင့် Fire Hotspots ဖြစ်ပေါ်လာစေပြီး သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည့်အပြင် မီးခိုးမြူငွေ့များတွင် သာမန်မျက်စိဖြင့် မမြင်နိုင်သော PM 2.5 အမှုန်များသည် လူသားတို့၏ကျန်းမာရေးကို ထိခိုက်စေသည့်အတွက် ဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်လျက် ရှိကြောင်း၊ အဆိုပါ မီးခိုးမြူငွေ့များသည် လေစီးကြောင်းအတိုင်း တစ်နိုင်ငံမှတစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်ရောက်ရှိနိုင်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် Fire Hotspots လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ၊ ထိုင်းနှင့် လာအို သုံးနိုင်ငံပူးပေါင်း၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက် – Clear Sky Strategy (၂၀၂၄-၂၀၃၀) ကို ရေးဆွဲထုတ်ပြန်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မြန်မာ–ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းပြီး မီးခိုးမြူငွေ့ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအတွင်း Fire Hotspots ဖြစ်ပွားမှု အရေအတွက်သည် ၂၀၂၄ ခုနှစ်တွင် ၅၁၀၉၁ ခုရှိရာမှ ၂၀၂၅ ခုနှစ်တွင် ၄၅၀၂၅ ခု တွေ့ရှိရသဖြင့် ၆၀၆၆ ခု (၁၂ ရာခိုင်နှုန်း) လျော့နည်းသွားသည်ကို တွေ့ရှိရကြောင်းနှင့် ၂၀၂၆ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်းအထိ လျော့နည်းသွားရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်း ၂၀၂၅ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်းအထိ လျော့နည်းသွားသည်ကို တွေ့ရှိရ၍ ဆောင်ရွက်ချက်များအား အသိအမှတ်ပြုပါကြောင်းနှင့် ၂၀၂၆ ခုနှစ်တွင်လည်း ဆက်လက်လျော့နည်းသွားအောင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း ရွှေ့ပြောင်း တောင်ယာစိုက်ပျိုးခြင်းအစား ကွန်တို/တောင်စောင်း စိုက်ပျိုးခြင်းနှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ကုန်းမြင့်လယ်ယာစိုက်ပျိုးရေးစနစ် ကျင့်သုံးခြင်း၊ စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများနှင့် လူနေအိမ်များမှ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ရေးနှင့် မီးရှို့ခြင်းအစား သဘာဝမြေဩဇာ ပြုလုပ်၍ ပြန်လည်အသုံးပြုခြင်း စသည့် အလေ့အကျင့်များကိုအလေးထား ဆောင်ရွက်ပေးကြရန်နှင့် လိုအပ်သောနည်းပညာ၊ အသိပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက ပေါင်းစပ်ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ သဘာဝသယံဇာတများ ရေရှည်တည်တံ့ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုကောင်းမွန်ရေး၊ Fire Hotspots ဖြစ်ပွားမှု လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးတို့ကို ဌာနအသီးသီးနှင့် အဖွဲ့အစည်းများ၊ ဒေသခံများအားလုံး အတူ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ရေးပူးပေါင်းပါဝင်ပေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "သစ်တောထိန်းသိမ်းရေးနှင့် ကျေးလက်၊ မြို့ပြများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မိုင်းဖြတ်မြို့နယ် သစ်တောဦးစီးဌာနရုံးရှိ မြို့မပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားသော ပျိုးပင် ၁၁၃၀၀၀ ကျော်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃)ကို မြို့နယ်ပေါင်း ၆၁ မြို့နယ်၌ ကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃) ကို ယနေ့ နံနက် ၆ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၆၁ မြို့နယ်အတွင်း သတ်မှတ်မဲရုံအသီးသီး၌ ကျင်းပပြုလုပ်သည်။

မြန်မာနိုင်ငံ၏ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာ၌ အရေးပါဆုံးသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ် ၁၀၂ မြို့နယ်၌ လည်းကောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် မြို့နယ် ၁၀၀ ၌လည်းကောင်း နိုင်ငံတော် အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီဖြစ်ပြီး ယနေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)ကို ဆက်လက်ပြုလုပ်ရာ ကချင်ပြည်နယ်တွင် ဗန်းမော်မြို့နယ်၊ ဖားကန့်မြို့နယ်နှင့် ရွှေကူမြို့နယ်တို့၌ လည်းကောင်း၊ ကရင်ပြည်နယ်တွင် ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကနီမြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် လောင်းလုံးမြို့နယ်၊ သရက်ချောင်းမြို့နယ်နှင့် ပုလောမြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ကျောက်ကြီးမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ သဲကုန်းမြို့နယ်၊ ဝေါမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် မြစ်သားမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မလှိုင်မြို့နယ်၊ တောင်သာမြို့နယ်၊ မြင်းခြံမြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဒဂုံမြို့နယ်၊ လမ်းမတော်မြို့နယ်၊ ဆိပ်ကြီး/ ခနောင်တိုမြို့နယ်၊ ဒလမြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာကေတမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ တာမွေမြို့နယ်၊ ရန်ကင်းမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်နှင့် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်တွင် မက်မန်းမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ မိုးနဲမြို့နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ သီပေါမြို့နယ်နှင့် ကျောက်မဲမြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရေကြည်မြို့နယ်၊ ငပုတောမြို့နယ်၊ ဒေးဒရဲမြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်၊ အင်္ဂပူမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဇလွန်မြို့နယ်နှင့် လေးမျက်နှာမြို့နယ်တို့၌ လည်းကောင်း ကျင်းပပြုလုပ်ကြပြီး အဆိုပါမြို့နယ်များရှိ သတ်မှတ်မဲရုံအသီးသီး၌ ဒေသခံတိုင်းရင်းသားပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက် (Myanmar Electronic Voting Machine – MEVM) အသုံးပြု၍ ဆန္ဒမဲပေးခြင်းများကို ဆောင်ရွက်ကြသည်။



ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့ အမှတ်(၂) ရပ်ကွက် မဲရုံအမှတ်(၁) တွင် ဒေသခံပြည်သူများ လွတ်လပ်အေးချမ်းပျော်ရွှင်စွာ ဆန္ဒမဲပေးကြစဉ်။

ထိုသို့ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဒေသခံတိုင်းရင်းသား ပြည်သူများက သတ်မှတ်မဲရုံအသီးသီး၌ စနစ်တကျဆန္ဒမဲပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သား အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း သက်ဆိုင်ရာ မဲရုံများသို့သွားရောက်၍ စနစ်တကျ ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆန္ဒမဲလာရောက်ပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်၊ အေးချမ်းစွာနှင့် အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် လိုအပ်သည့် မော်တော်ယာဉ်များ၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးအဖွဲ့များနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို မဲရုံအသီးသီး၌ ကြိုတင်ပြင်ဆင်ထားရှိကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

မဲပေးမှုပြီးဆုံးချိန်တွင် မဲရုံမှူးများနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ရှေ့မှောက်၌ မဲပေးစက် (Control Unit) မှ ရလဒ်များကို ထုတ်ယူကာ စနစ်တကျ ရေတွက်ခြင်းနှင့် ကြိုတင်မဲများကို စနစ်တကျ ရေတွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပမှုနှင့်ပတ်သက်၍ မဲရုံအသီးသီးတွင် လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–



ကျွန်မပေးလိုက်တဲ့ မဲတစ်ပြားကြောင့် အကုန်လုံးပြောင်းလဲသွားတာ ဖြစ်စေချင်ပါတယ်။ စီးပွားရေး၊ ပညာရေး၊ လူမှုရေး အကုန်လုံး နိုင်ငံရေးကအစပေါ့။ အကုန်လုံးကို ငြိမ်းချမ်းစေချင်တယ်။ အစိုးရကိုတော့ တောင်းဆိုချင်တာ အများကြီးရှိပါတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး တောင်းဆိုချင်တယ်။ ပညာရေးနဲ့ ပတ်သက်လို့လည်း တောင်းဆိုချင်တယ်။ ပညာရေးကို ဒီထက်မက ပိုပြီးတော့ တိုးတက်စေချင်တယ်။



အရင်က မဲပေးတာကျတော့ တံဆိပ်တုံးလေးတွေ နှိပ်ရတယ်။ အခုကျတော့ စက်ကလေးနဲ့ ပိုပြီးတော့လွယ်ကူပါတယ်။ အစိုးရသစ်တက်လာတယ်ဆိုရင်တော့ ပြည်သူတွေကို စီးပွားရေး၊ လူမှုရေး အကုန်လုံး အစစအရာရာ အားလုံး အဆင်ပြေဖို့အတွက်ကို မျှော်လင့်ထားပါတယ်။

ယနေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၏ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုများကို ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံတကာ သံရုံးများမှ သံတမန်များ၊ သံရုံးယာယီ တာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကို လာရောက် စောင့်ကြည့်လေ့လာကြသည့် နိုင်ငံတကာမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကလည်း မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးနေမှုများကို လာရောက်လေ့လာစောင့်ကြည့်၍ သတင်းရယူခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ညောင်ရွှေမြို့နယ်မှ ဒေသခံလူငယ်များ၏ စကားသံများ

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို မြန်မာနိုင်ငံရှိ မြို့နယ် ၆၁ မြို့နယ်၌ ဇန်နဝါရီ ၂၅ ရက်တွင် အောင်မြင်စွာ ကျင်းပခဲ့ပြီး ရွေးကောက်ပွဲ အပိုင်း (၃) ကျင်းပရာ မြို့နယ်များဖြစ်သည့် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်မှ ဒေသခံမဲဆန္ဒရှင်ပြည်သူများ၏ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် အမြင်သဘောထားများကို စုစည်းဖော်ပြလိုက်ပါသည်။**



မောင်ဝင်းထက်ဖိုလ်



မဇင်မာထွန်း



မအေးမြတ်သူ



မဆောင်းနှင်းဖြူ



မသွယ်သွယ်ဦး

**မောင်ဝင်းထက်ဖိုလ်**
**(နန္ဒဝန်ရပ်ကွက်၊ ညောင်ရွှေမြို့)**

ကျွန်တော်က ပထမဆုံး ဆန္ဒမဲပေးတာ ဖြစ်ပါတယ်။ မဲပေးတဲ့အခါမှာ ကိုယ်ကြိုက်တဲ့၊ ကိုယ်ရွေးချယ်ထားတဲ့ ပါတီကိုပဲ လွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ပါတယ်။ လူငယ်တစ်ဦးအနေနဲ့ ရွေးကောက်ပွဲကနေ လူငယ်တွေအတွက် အကောင်းဆုံးကို ဖန်တီးပေးနိုင်မယ့် အစိုးရတစ်ရပ် ပေါ်ပေါက်လာမယ်လို့ မျှော်လင့်ပါတယ်။

**မဇင်မာထွန်း**
**(လက်ခုပ်ပင်ရွာ၊ ညောင်ရွှေမြို့နယ်)**

ဆန္ဒမဲပေးနိုင်ဖို့ မဲရုံကို ရွာကနေ အစောကြီးလာခဲ့တာပါ။ ကျွန်မအသက်က ၁၉ နှစ်ပါ။ ပထမဆုံး မဲပေးတဲ့ အတွေ့အကြုံမှာ စက်နဲ့ မဲပေးရမယ်ဆိုတော့ စိတ်ဝင်စားတယ်။ စက်နဲ့ မဲပေးတဲ့ အခါမှာလည်း လွယ်ကူအဆင်ပြေပါတယ်။ ကိုယ်တိုင်ဆန္ဒပြုရွေးချယ်တဲ့ အခါမှာ လူငယ်တွေအတွက်၊ နိုင်ငံအတွက် အကျိုးပြုဆောင်ရွက်မယ့်သူတွေကိုပဲ ရွေးချယ်ဆန္ဒပြုခဲ့ပါတယ်။

**မအေးမြတ်သူ**
**(နန္ဒဝန်ရပ်ကွက်၊ ညောင်ရွှေမြို့)**

မိသားစုနဲ့အတူ လာရောက်ပြီး ဆန္ဒမဲပေးတာပါ။ ကိုယ်တိုင် သေချာစဉ်းစားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မယ့်သူတွေကိုပဲ ရွေးချယ်မဲပေးခဲ့ပါတယ်။ ကိုယ့်ရဲ့ရွေးချယ်မှုကနေ အကောင်းဆုံးတွေ ဖြစ်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။ မဲပေးတဲ့အခါမှာ မဲပေးစက်နဲ့ မဲပေးခဲ့ရတဲ့အတွက် အခက်အခဲ မရှိပါဘူး။ မဲပေးရတာအားလုံး အဆင်ပြေပါတယ်။

**မဆောင်းနှင်းဖြူ**
**(နန္ဒဝန်ရပ်ကွက်၊ ညောင်ရွှေမြို့)**

လူငယ်တစ်ဦးအတွက် ထူးခြားတဲ့ ပထမဆုံးမဲပေးမှုအတွေ့အကြုံလို့ ပြောလို့ရပါတယ်။ လူငယ်တစ်ယောက်အနေနဲ့ နိုင်ငံအတွက် ကိုယ့်ဆန္ဒနဲ့အညီ ပေးခွင့်ရတယ်။ မဲပေးတဲ့အခါမှာလည်း ကိုယ့်ဆန္ဒပြုချင်တဲ့သူကို လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးခွင့်ရတဲ့အတွက် ကျေနပ်မိပါတယ်။ တာဝန်ကျေပွန်တယ်လို့ ခံစားရပါတယ်။ ရွေးကောက်ပွဲကနေ အဓိက လူငယ်တွေအတွက် မျှော်လင့်တာပါ။ ပညာရေးကဏ္ဍနဲ့ အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍကို ဖော်ဆောင်မယ့်သူမျိုးကို ရွေးချယ်ဆန္ဒမဲပေးခဲ့ပါတယ်။

စာမျက်နှာ ၁၂ သို့

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) ဆက်လက်ကျင်းပ မဲဆန္ဒရှင်ပြည်သူများက စိတ်အားထက်သန်စွာ ဆန္ဒမဲပေး

**ရန်ကုန် ဇန်နဝါရီ ၂၅**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်နှင့် ရွေးကောက်ပွဲ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တို့တွင်အောင်မြင်စွာကျင်းပခဲ့ပြီး ရွေးကောက်ပွဲ အပိုင်း(၃) ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ မြို့နယ်ပေါင်း ၆၁ မြို့နယ်တွင် အောင်မြင်စွာ ကျင်းပခဲ့သည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံ၊ လမ်းမတော်၊ ဆိပ်ကြီး/ ခနောင်တို၊ ဒလ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ မြောက်ဥက္ကလာပ၊ တာမွေ၊ ရန်ကင်း၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ စမ်းချောင်း၊ လှိုင်သာယာ (အနောက်ပိုင်း) နှင့် လှိုင်သာယာ (အရှေ့ပိုင်း) စသည့် မြို့နယ် ၁၇ မြို့နယ်တွင် မဲရုံ ၁၃၀၀ ဖွင့်လှစ်၍ ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက အေးချမ်းစွာ ဆန္ဒမဲလာရောက်ပေးခဲ့ကြသည်။

ထိုသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃) ကျင်းပနေမှုကို ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများက လွတ်လပ်စွာ သတင်းရယူလျက်ရှိပြီး ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များကလည်း မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲလာရောက်ပေးနေမှု အခြေအနေကို စောင့်ကြည့်လေ့လာခဲ့ကြသည်။



**မဲဆန္ဒရှင်များ နှစ်ခြိုက်သဘောကျ**

ယခုကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြစ်စေရန် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM) ကို စတင်အသုံးပြုခဲ့ရာ ယခင် ရွေးကောက်ပွဲများတွင် စာရွက်ပေါ်အမှန်ခြစ်၍ မဲပေးရသည့် စနစ်ထက် ယခု မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးရသည်မှာ ပိုမိုလွယ်ကူ အဆင်ပြေကြ၍ မဲဆန္ဒရှင်ပြည်သူများ နှစ်ခြိုက်သဘောကျခဲ့ကြကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရန်လည်း သက်ဆိုင်ရာ မဲရုံမှူးများနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ညနေပိုင်းတွင် မဲရုံများ ပိတ်သိမ်းသည့်အခါ မဲရုံးမှူးများက မဲစာရင်းရလဒ်များကို စနစ်တကျ ရေတွက်မှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၂၈ ရက်က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁)ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ကမာရွတ်၊ ကျောက်တံတား၊ တိုက်ကြီး၊ တွံတေး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဗိုလ်တထောင်၊ မရမ်းကုန်း၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ သဃ်္ဃန်းကျွန်း၊ သန်လျင်နှင့် အလုံမြို့နယ်တို့တွင် မဲရုံ ၁၃၁၃ ရုံ ဖွင့်လှစ်၍ လည်းကောင်း၊ အပိုင်း(၂) ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗဟန်း၊ ပန်းဘဲတန်း၊ လသာ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒေါပုံ၊ ပုဇွန်တောင်၊ လှိုင်၊ ရွှေပြည်သာ၊ ထန်းတပင်၊ လှည်းကူး၊ တောင်ဥက္ကလာပ၊ ကိုကိုးကျွန်း၊ ကြည့်မြင်တိုင်နှင့် အင်းစိန်မြို့နယ်များတွင် မဲရုံ ၁၁၇၁ ရုံ ဖွင့်လှစ်၍လည်းကောင်း ကျင်းပခဲ့ကြသည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၉၃၈၈၂၃ ဦးရှိပြီး မဲရုံပေါင်း ၃၇၈၄ ရုံ ဖွင့်လှစ်ကာ နိုင်ငံရေးပါတီပေါင်း ၂၀ နှင့် တစ်သီးပုဂ္ဂလ ၄၆ ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး မြို့နယ် (၈) မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲပေး


**မန္တလေး ဇန်နဝါရီ ၂၅**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၃) ကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်များ၌ မဲရုံများကို နံနက် ၆ နာရီမှစတင်၍ စနစ်တကျ ဖွင့်လှစ်ပေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများကလည်း စိတ်အားထက်သန်စွာဖြင့် မဲရုံ၏ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာကာ ဆန္ဒမဲများပေးခဲ့ကြပြီး မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ မဲပေးနိုင်ရေးအတွက် မဲရုံတာဝန်ကျ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ယနေ့ ကျင်းပသည့် ရွေးကောက်ပွဲ အပိုင်း(၃) တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သပိတ်ကျင်းမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မြစ်သားမြို့နယ်၊ မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ မလှိုင်မြို့နယ်နှင့် ငါန်းဇွန်မြို့နယ် စသည့် မြို့နယ်(၈)မြို့နယ်တို့ ပါဝင်သည်။

ချမ်းမြသာစည်မြို့နယ် မဲရုံအမှတ်(၁) တွင် တာဝန်ကျသည့် မဲရုံမှူး ဦးနိုင်ဦးက "မဲရုံမှာ တာဝန်ထမ်းဆောင်သူကတော့ ၁၅ ဦး ရှိပါတယ်။ ဒေသခံတွေ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ဖို့ စနစ်တကျ ဆောင်ရွက်ထားပါတယ်။ မဲပေးစက်အနေနဲ့ လေးလုံးရှိပါတယ်။ ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးရဲ့ အပိုင်း(၃)မှာ မဲရုံမှူးအနေနဲ့ တာဝန်ထမ်းဆောင်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်" ဟု ပြောသည်။

ဆန္ဒမဲ လာရောက်ပေးသည့် ဦးကံစိန်က "ကျွန်တော့်အသက်က ၈၀ ပါ။ မနက် ၅ နာရီ အစောထပြီး မဲရုံကို ဆန္ဒမဲလာရောက်ပေးခြင်း ဖြစ်ပါတယ်။ မဲပေးစက်နဲ့ မဲပေးရတာ အလွန်လွယ်ကူပါတယ်။ နိုင်ငံကို ခေါင်းဆောင်နိုင်မယ် ထင်တဲ့ ပါတီကို မဲပေးခဲ့တယ်" ဟု ပြောသည်။



ဦးကံစိန်



မမီမီစိုး



မောင်ရွှန်းလင်းထက်

ထို့အတူ ဆန္ဒမဲလာရောက်ပေးသည့် မသန္တာလွင်က "ကျွန်မအနေနဲ့ မဲပေးလာတာ သုံးကြိမ် ရှိပါပြီ။ မဲပေးစက် စက်ခလုတ်ကို အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ တိုင်းဒေသကြီး လွှတ်တော် နေရာတွေအတွက် သုံးကြိမ်နှိပ်ပြီး မဲပေးခဲ့ရပါတယ်။ မဲရုံအတွင်းမှာ မဲရုံတာဝန်ရှိသူတွေက လိုအပ်တာတွေကို အဆင်သင့် ကူညီဆောင်ရွက်ပေးကြပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ကျေပွန်ပြီလို့ ခံစားရပါတယ်" ဟုပြောကြားခဲ့ပြီး မဲလာရောက်ပေးသည့် မမီမီစိုးက "ကိုယ်ကြိုက်နှစ်သက်တဲ့ ပါတီကို စိတ်ကြိုက်မဲပေးခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ ကိုယ်မဲပေးတဲ့သူ နိုင်ခဲ့ရင်လည်း ပြည်သူလူထုလည်း ပျော်ရမှာပါ။ အားလုံးကို စိတ်အေးချမ်းသာစွာနဲ့ အေးအေးဆေးဆေးပဲ ဖြစ်ချင်ပါတယ်။ မဲပေးပြီးတော့ ကိုယ့်လက်သန်းမှာ မင်စွန်းနေတာ ကြည့်ပြီးလည်း ကိုယ့်နိုင်ငံအတွက် ဝမ်းသာ ပျော်ရွှင်မိပါတယ်" ဟု ပြောသည်။

ဆန္ဒမဲ လာရောက်ပေးသည့် မဖြိုးဖြိုးက "ကျွန်မအသက်က ၂၅ နှစ်ပါ။ မဲပေးတာ နှစ်ကြိမ် ရှိပါပြီ။ ဒုတိယအကြိမ်မှာ မဲပေးစက်နဲ့ဆိုတော့ ပိုမိုလွယ်ကူပါတယ်။ အဓိကတော့ ကျွန်မတို့ လူငယ်တွေအတွက် စိတ်လုံခြုံမှုပေးနိုင်တဲ့သူကိုရွေးပြီး မဲပေးခဲ့ပါတယ်။ နိုင်ငံတော်အစိုးရက ပညာရေးအပိုင်းကို အဓိက ထောက်ပံ့ ပေးစေလိုပါတယ်။ ပညာရေးပိုင်းမှာသာ သေချာ ထောက်ပံ့ပေးမယ်ဆိုရင် တော်တဲ့ လူငယ်တွေ ထွက်ပေါ်လာမှာပါ" ဟုပြောသည်။

ဆန္ဒမဲ လာရောက်ပေးသည့် မောင်ရွှန်းလင်းထက် ကလည်း "ကျွန်တော့်အသက် ၁၈ နှစ် ပြည့်ပြီးလို့ ပထမဦးဆုံးအကြိမ် မဲလာရောက်ပေးခြင်း ဖြစ်ပါတယ်။ ပထမဆုံး မဲပေးရတဲ့အတွက် ရင်ထဲမှာ စိတ်လှုပ်ရှားပျော်ရွှင်မိပါတယ်။ မဲပေးရတဲ့ လုပ်ငန်းစဉ်တွေကလည်း လွယ်ကူပါတယ်။ ကျွန်တော်တို့ မသိတာရှိရင်လည်း မဲရုံတာဝန်ရှိသူတွေက အားလုံးကို ရှင်းပြကူညီပေးကြပါတယ်။ ကျွန်တော်ကြိုက်နှစ်သက်တဲ့ပါတီကို စိတ်ကြိုက်မဲပေးခွင့်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ ကျွန်တော်မဲပေးတဲ့ ပါတီနိုင်သွားရင်လည်း နိုင်ငံနဲ့ ပြည်သူတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးစေလိုပါတယ်" ဟု သူ့အမြင်ကို ပြောပြသည်။

**မောင်အေးချမ်း**



*စာမျက်နှာ ၁၁ မှ*

**မသွယ်သွယ်ဦး**

**(လွယ်ပြေရပ်ကွက်၊ မိုးနဲမြို့)**

ကျွန်မက လွယ်ပြေရပ်ကွက်ကပါ။ အခု ရွေးကောက်ပွဲမှာ မဲဆန္ဒရှင်တစ်ဦးအနေနဲ့ ပထမဆုံးအကြိမ် မဲလာရောက်ပေးတာဖြစ်ပါတယ်။ လူငယ်တစ်ဦးအနေနဲ့ အခုလို ရွေးကောက်ပွဲမှာ ပါဝင်မဲပေးခွင့်ရတဲ့အပေါ်မှာ ဝမ်းသာမိတယ်။ ကိုယ့်နိုင်ငံအနာဂတ်အတွက် လူငယ်တစ်ဦးအနေနဲ့ တာဝန်ကျေချင်လို့ ပါဝင်မဲပေးဖြစ်တာပါ။ မဲပေးတဲ့အခါမှာလည်း လွတ်လပ်စွာမဲပေးခဲ့ရပါတယ်။ ကျွန်မတို့ နိုင်ငံနဲ့ပြည်သူ အနာဂတ် သာယာလှပဖို့အတွက် ဦးဆောင်နိုင်သူကို ကိုယ်တိုင်လာရောက်ရွေးချယ်ခွင့်ရခဲ့ပါပြီ။ **ပြည်နယ်(ပြန်/ဆက်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)၌ လူငယ်များ ဆန္ဒမဲပေးနေမှုမြင်ကွင်းများ



ကြို့ပင်ကောက်မြို့နယ်၌ လူငယ်များ အေးချမ်းပျော်ရွှင်စွာ မဲပေးအပြီး တွေ့ရစဉ်။
ဇေယျာထွန်း(ကြို့ပင်ကောက်)



ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၌ လူငယ်များ အေးချမ်းပျော်ရွှင်စွာ မဲပေးအပြီး တွေ့ရစဉ်။
ဇာနည်ကိုကို(ပုသိမ်ကြီး)




ကျေးသီးမြို့နယ် ဈေးရပ်ကွက်၌ လူငယ်တစ်ဦး မဲပေးအပြီး တွေ့ရစဉ်။
မြို့နယ်(ပြန်/ဆက်)



ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ လူငယ်တစ်ဦး မဲပေးအပြီး တွေ့ရစဉ်။
ဖြိုးစန္ဒာ(ဆိပ်ကမ်း)



မိုးနဲမြို့နယ်၌ လူငယ်တစ်ဦး မဲပေးအပြီး တွေ့ရစဉ်။
ယမင်းကျော်(မိုးနဲ)



ဟိုင်းကြီးကျွန်း၌ လူငယ်များ မဲပေးအပြီး တွေ့ရစဉ်။
လှိုင်မျိုးအောင်(ပြန်/ဆက်)



ငပုတောမြို့နယ်၌ လူငယ်များ မဲပေးအပြီး တွေ့ရစဉ်။
အောင်သူ(ပြန်/ဆက်)



မန္တလေးမြို့၌ လူငယ်တစ်ဦး မဲပေးအပြီး တွေ့ရစဉ်။ မောင်အေးချမ်း



ချမ်းမြသာစည်မြို့နယ်၌ လူငယ်တစ်ဦး မဲပေးစဉ်။
ရှိုးသီဟမိုး(ပြန်/ဆက်)



ဓနုဖြူမြို့နယ်၌ လူငယ်တစ်ဦး မဲပေးအပြီး တွေ့ရစဉ်။
အောင်ပြည့်ဖြိုးဇော် (ပြန်/ဆက်)



ငါးသိုင်းချောင်းမြို့၌ လူငယ်တစ်ဦး မဲပေးအပြီး တွေ့ရစဉ်။
ငါးသိုင်းချောင်း(ပြန်/ဆက်)

# ပြင်သစ်၊ အမေရိကန်ကုမ္ပဏီများနှင့် ကန်ဒေါ်လာ ဘီလီယံ ၂၀ ရှိမည့် ရေနံဆိုင်ရာသဘောတူညီချက် လစ်ဗျား လက်မှတ်ရေးထိုး

**ထရီပိုလီ ဇန်နဝါရီ ၂၅**



လစ်ဗျားဝန်ကြီးချုပ် အဗ္ဗဒူလ်ဟာမစ်ဒီဘေဘာသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ကျော် ရင်းနှီးမြှုပ်နှံမည့် ရေနံဆိုင်ရာ သဘောတူညီချက် တစ်ရပ်ကို နိုင်ငံခြားကုမ္ပဏီနှစ်ခုနှင့် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

လစ်ဗျားနိုင်ငံက ပြင်သစ်နိုင်ငံအခြေစိုက် TotalEnergies ကုမ္ပဏီ၊ အမေရိကန်နိုင်ငံအခြေစိုက် ConocoPhillips ကုမ္ပဏီတို့နှင့် ၂၅ နှစ်သက်တမ်းရှိ ရေနံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ကြောင်း ဝန်ကြီးချုပ်ဒီဘေဘာက ၎င်း၏ တရားဝင် ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ သဘောတူညီချက်မှာ လစ်ဗျားနိုင်ငံပိုင် ဝါဟာရေနံကုမ္ပဏီအနေဖြင့် တစ်နေ့လျှင် ရေနံစည်ပေါင်း ၈၅၀၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားကြောင်း၊ ယင်းသို့ တိုးမြှင့်ထုတ်လုပ်မှုမှ လစ်ဗျားနိုင်ငံအတွက် အသားတင်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၇၆ ဘီလီယံ ရရှိရန် မျှော်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် ဒီဘေဘာသည် အမေရိကန်အခြေစိုက် ရှက်ဗရွန်ကုမ္ပဏီနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သလို အီဂျစ်နိုင်ငံ ရေနံနှင့်သယံဇာတဝန်ကြီးဌာနနှင့်လည်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက် မူကြမ်းကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ သို့သော်လည်း နောက်ထပ်အသေးစိတ်အချက်အလက်များကို ဖော်ပြထားခြင်းမရှိပေ။

ရေနံနှင့် သဘာဝဓာတ်ငွေ့ တင်ပို့ရောင်းချခြင်းသည် လစ်ဗျားနိုင်ငံ၏ အဓိကဝင်ငွေရရှိရာ အရင်းအမြစ်များဖြစ်သော်လည်း မကြာသေးမီ နှစ်များအတွင်း ပြည်တွင်းပဋိပက္ခများနှင့် နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် ရေနံကဏ္ဍတွင် အနှောင့်အယှက် အဟန့်အတားများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**

# ဆော်ဒီအာရေဗျ၌ ကျင်းပမည့် ၂၀၂၉ ခုနှစ် အာရှ ဆောင်းရာသီအားကစားပွဲတော် ရွှေ့ဆိုင်း

**ရီယာ့ဒ် ဇန်နဝါရီ ၂၅**

ဆော်ဒီအာရေဗျ၌ ကျင်းပမည့် ၂၀၂၉ ခုနှစ် အာရှဆောင်းရာသီအားကစားပွဲတော်ကို ရွှေ့ဆိုင်းလိုက်ကြောင်း ဆော်ဒီအိုလံပစ်နှင့် မသန်စွမ်းအားကစားကော်မတီနှင့် အာရှအိုလံပစ်ကောင်စီ (အိုစီအေ) တို့က ဇန်နဝါရီ ၂၄ ရက်တွင် ကြေညာခဲ့သည်။

ပူးတွဲထုတ်ပြန်ချက်တွင် ဆွေးနွေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပြီးနောက် အနာဂတ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် နိုင်ငံအတွက် မွမ်းမံပြင်ဆင်ထားသည့်မူဘောင်ကို သဘောတူညီခဲ့ကြောင်း အဖွဲ့အစည်းနှစ်ခုစလုံးက ထုတ်ပြန်ခဲ့သည်။ ပွဲကျင်းပမည့် ရက်စွဲ အသစ်ကို ကြေညာခဲ့ခြင်းမရှိကြောင်း၊ ပြောင်းလဲသတ်မှတ်ထားသည့် ရက်ကာလကို နောက်တွင် ထပ်မံအတည်ပြုသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

အဆိုပါ ရွှေ့ဆိုင်းမှုသည် ဆော်ဒီအာရေဗျနှင့် အနောက်အာရှဒေသရှိ ဆောင်းရာသီအားကစားများ၏ ရေရှည်နှင့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် မျှဝေထားသည့်ကတိကဝတ်ကို ထင်ဟပ်စေသည်ဟု ကြေညာချက်တွင်ပါဝင်သည်။ ပြန်လည်သုံးသပ်ထားသည့် ချဉ်းကပ်မှုများအရ ဆော်ဒီအာရေဗျသည် လာမည့်နှစ်များအတွင်း သီးခြားကျင်းပသော ဆောင်းရာသီအားကစားပွဲတော်များကို လက်ခံကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများသည် ဆောင်းရာသီအားကစားစည်းကမ်းများကို မြှင့်တင်ရန်၊ ပါဝင်ယှဉ်ပြိုင်မှုကို ချဲ့ထွင်ရန်၊ အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် အားကစားအဆောက်အအုံများ၏ တိုးတက်မှုကို ထောက်ပံ့ရန် ရည်ရွယ်သည်။

ယခုအစီအစဉ်သည် အနာဂတ်တွင်ကျင်းပမည့် အာရှဆောင်းရာသီအားကစားပွဲမတိုင်မီ ဒေသတွင်း ကျယ်ကျယ်ပြန့်ပြန့်ပါဝင်မှုကို အားပေးပြီး နောက်ထပ်ပြင်ဆင်ချိန်ကို ခွင့်ပြုလိုက်ခြင်းပင်ဖြစ်သည်။ ဆောင်းရာသီအားကစားအစီအစဉ်များ စဉ်ဆက်မပြတ်တည်ဆောက်နိုင်ရေး ဆော်ဒီအာရေဗျ၏ ကြိုးပမ်းအားထုတ်မှုကို (အိုစီအေ) က အသိအမှတ်ပြုခဲ့သည်။ **ဆင်ဟွာ**

# မွန်ဂိုလီးယားနိုင်ငံတောင်ပိုင်း၌ ကုလားအုတ်ပွဲတော် ကျင်းပ

**အူလန်ဘာတာ ဇန်နဝါရီ ၂၅**

မွန်ဂိုလီးယားနိုင်ငံ တောင်ပိုင်း ဒန်းဂိုဗီပြည်နယ်၌ ခရီးသွားလုပ်ငန်းမြှင့်တင်ရန်နှင့် ကုလားအုတ်ယဉ်ကျေးမှုကို နောက်မျိုးဆက်များအား လက်ဆင့်ကမ်းရန်အတွက် ဇန်နဝါရီ ၂၅ ရက်တွင် ကုလားအုတ်ပွဲတော် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ကုလားအုတ်ပွဲတော်ကို မွန်ဂိုလီးယားသမ္မတ Ukhnaa Khurelsukh ၏ ကူညီပံ့ပိုးမှုအောက်တွင် ယဉ်ကျေးမှု၊ အားကစား၊ ခရီးသွားလာရေးနှင့် လူငယ်ဝန်ကြီးဌာန၊ အစားအစာ၊ စိုက်ပျိုးရေးနှင့် အသေးစားစက်မှုဝန်ကြီးဌာနကဲ့သို့သော ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပွဲတော်သို့ မွန်ဂိုလီးယားနိုင်ငံတစ်ဝန်း ရာနှင့်ချီသည့် ကုလားအုတ် ထိန်းသိမ်းစောင့်ရှောက်သူနှင့် ကုလားအုတ်များသည် ပြည်နယ်၏ မြို့တော် မန်ဒယ်ဂိုဗီ၌ နှစ်ရက်ကြာကျင်းပသည့် ပွဲတော်၌ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။



အဆိုပါပွဲ၌ ကုလားအုတ်စီးအပြေးပြိုင်ပွဲ၊ ကုလားအုတ်စီတန်းလမ်းလျှောက်ခြင်း၊ ကုလားအုတ်လက်ဆင့်ကမ်း အပြေးပြိုင်ပွဲနှင့် ကုလားအုတ်ပစ္စည်းများ ပြသခြင်း စသည်တို့ပါဝင်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်အတွင်း မွန်ဂိုလီးယားနိုင်ငံ၌ ကုလားအုတ်အရေအတွက်မှာ ၅၀၁၀၀၀ ကျော် ရှိကြောင်း တိရစ္ဆာန်စစ်တမ်းများအရ သိရသည်။ ဒန်းဂိုဗီသည် မြို့တော် အူလန်ဘာတာမှ ၂၄၀ ကီလိုမီတာခန့်အကွာ မွန်ဂိုလီးယား နိုင်ငံတောင်ပိုင်းတွင် တည်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



# အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗား၌ မြေပြိုမှုကြောင့် သေဆုံးသူ ၁၆ ဦးအထိ ရှိလာ

**ဂျကာတာ ဇန်နဝါရီ ၂၅**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်၌ မြေပြိုမှုကြောင့် လူသေလောင်း ၁၆ လောင်းကို တွေ့ရှိခဲ့ပြီး ၎င်းတို့ထဲမှ ခုနစ်ဦးကို မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားနိုင်ခဲ့သည်ဟု ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၂၄ ရက်တွင် ပြောသည်။

အနောက် ဘန်ဒန်ဒေသရှိ ဆစ်ဆာရုဧရိယာတွင် အလောင်းများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အနောက်ဂျာဗားရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟန်ဒရာ ရိုချ်မာဝမ် က ပြောသည်။ ကျန်သေဆုံးသူများကို မည်သူမည်ဝါဖြစ်ကြောင်းခွဲခြားနိုင်ရေး ဒီအန်အေစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး ဒေသတွင်းဆေးရုံတစ်ခုတွင် ခေတ္တထားရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထိုစဉ် အင်ဒိုနီးရှား အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးအေဂျင်စီက လေ့ကျင့်ပေးထားသည့် ကယ်ဆယ်ရေးသမား ၂၅၀ ကို ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်ရန် တပ်ဖြန့်ချထားခဲ့သည်ဟု သိရသည်။ မြေအောက်၌ နစ်မြုပ်နေသည့် လူပေါင်း ၈၀ ခန့် ရှိသေးသည်ဟု ခန့်မှန်းထားသည်။

အဆိုပါရှာဖွေရေးစစ်ဆင်ရေးအတွင်း ဒရုန်းများဖြင့် ပံ့ပိုးပေးခြင်း ပြုလုပ်ခဲ့ပြီး မြေပြင်အခြေအနေမတည်ငြိမ်မှုကြောင့် လေးလံသော စက်ကိရိယာများကို အကန့်အသတ်ဖြင့်သာ အသုံးပြုရကြောင်း အေဂျင်စီက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# အာဖဂန်၌ တစ်နှစ်အတွင်း ကလေးငယ် လေးသန်းကျော် ပညာရေးဆိုင်ရာ ထောက်ပံ့မှုများ ရရှိ

**ကဘူးလ် ဇန်နဝါရီ ၂၅**

ပြီးခဲ့သည့်တစ်နှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံရှိ ကလေးငယ်လေးသန်းကျော်ကို ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)၏ ထောက်ပံ့ကူညီမှုဖြင့် ဆက်လက်ပညာသင်ကြားနိုင်ရေး ပံ့ပိုးပေးခဲ့ကြောင်း ဒေသမီဒီယာ တိုလိုသတင်းဌာနတွင် ဇန်နဝါရီ ၂၅ ရက်က အစီရင်ခံဖော်ပြထားသည်။

အစီရင်ခံ ဖော်ပြချက်အရ ပြီးခဲ့သည့်နှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း စာသင်ကျောင်းပေါင်း ၂၀၀ ကျော်ကို အသစ်တည်ဆောက်ခြင်းနှင့် ပြန်လည်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံ၏ ပညာရေးစနစ်ကို အားကောင်းခိုင်မာစေရေး ပံ့ပိုးကူညီပေးနိုင်ရန် ဆရာမ ၈၀၀၀ ခန့်ကို သင်တန်းများပေးခဲ့ကြောင်း သိရသည်။

ပညာရေးကို ပြန်လည်အသက်သွင်းခြင်းမှာ ကလေးငယ်များ၏ မျှော်လင့်ချက်များကို ဆက်လက်ရှင်သန်စေရန်နှင့် ကလေးငယ်များ၏ အနာဂတ်စိတ်ချခိုင်မာစေရန် အလွန်အရေးကြီးကြောင်း အစီရင်ခံစာတွင် အလေးပေးဖော်ပြထားသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သင်ယူမှုအခွင့်အလမ်းများပိုမိုရရှိရေး တိုးမြှင့်လုပ်ဆောင်ခြင်းမှာ ထိပ်တန်းဦးစားပေးလုပ်ငန်းစဉ်အဖြစ် ဆက်လက်ရှိနေကြောင်း သိရသည်။ **ဆင်ဟွာ**

# ပညာရေးကဏ္ဍမှာ အာရှနိုင်ငံတွေနဲ့ရင်ပေါင်တန်းပြီး လူငယ်တွေရဲ့ စွမ်းဆောင်ရည်မြင့်မားမှုကနေ လူငယ်တွေရဲ့အနာဂတ်ကို ပိုပြီးတိုးတက်ကောင်းမွန်ဖို့ ဖော်ဆောင်ပေးနိုင်မယ့် အစိုးရသစ်တစ်ရပ်ကိုလည်း မျှော်လင့်ထားပါတယ်

**မဝတ်ရွှေရည် (ရန်ကင်းမြို့နယ်)**

၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၃) ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်၌ ဆက်လက်ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများသည် မဲရုံစတင်ဖွင့်လှစ်သည့် နံနက်ပိုင်းမှ စတင်၍ သတ်မှတ်မဲရုံများတွင် စိတ်အားထက်သန်စွာ ဆန္ဒမဲလာရောက်ပေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ဒဂုံ၊ လမ်းမတော်၊ ရန်ကင်း၊ တာမွေမြို့နယ်များရှိ မဲဆန္ဒရှင်ပြည်သူများ၏ အနာဂတ်မျှော်လင့်ချက်များနှင့် တာဝန်ရှိသူများက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ရပ် ဖြစ်လာစေရန် ဆောင်ရွက်ထားရှိမှုများကို သတင်းအဖွဲ့က ကောက်နုတ်ဖော်ပြလိုက်ရပါသည်-


မခင်မာလွင်


မောင်ပိုင်စိုး


မယွန်းကဗျာစိုး


မအေးမဒီစိုး


မောင်ဝေဖြိုးဦး


မဝတ်ရွှေရည်


မမေသဲနုခိုင်


မမေရတနာ


မနန်းဝတ်ရည်


ဦးစိုးဝင်း


ဒေါ်နွယ်နီမျိုးလှိုင်


ဦးဒါဝတ်

**မခင်မာလွင်(ဒဂုံမြို့နယ်)**

နိုင်ငံသားတစ်ယောက် အနေနဲ့ တာဝန်ကျေပွန်ချင်လို့ မိသားစုလိုက် မဲလာပေးတာပါ။ ကိုယ်ကြိုက်နှစ်သက်တဲ့ ပါတီကို ရွေးချယ်မဲပေးခဲ့ပါတယ်၊ အစိုးရသစ်တစ်ရပ်ထွက်ပေါ်လာတဲ့အခါ ပြည်သူတွေအတွက် လုပ်ပေးစေချင်တာကတော့ ကုန်ဈေးနှုန်းတွေ လျော့ကျစေရေးအတွက် ဆောင်ရွက်ပေးပါလို့ပြောချင်ပါတယ်။

**မောင်ပိုင်စိုး(ဒဂုံမြို့နယ်)**

ပထမဆုံးအကြိမ် ကိုယ်တိုင်ရွေးချယ်မဲပေးရတဲ့ အတွေ့အကြုံက ရင်ခုန်တယ်၊ လူငယ်တစ်ယောက်အနေနဲ့ မဲလာပေးတယ်ဆိုတာက နိုင်ငံသားတစ်ယောက် အခွင့်အရေးဖြစ်တာကြောင့်နဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေပိုမိုရရှိပြီး ဘဝတွေအဆင်ပြေဖို့ မျှော်လင့်ချက်ကြောင့်ပါ။ လူငယ်တစ်ယောက်အနေနဲ့ လွတ်လပ်ပြီး အေးအေးချမ်းချမ်းနေချင်ပါတယ်၊ အဓိကက မိသားစုကို ကောင်းမွန်အောင်ထားချင်တယ်။ ကျွန်တော်တို့ လူငယ်တွေ အလုပ်အကိုင်နဲ့ ရတဲ့လစာ ပိုကောင်းစေချင်တယ်။ ကျွန်တော်တို့ လူငယ်တွေရဲ့ အနာဂတ်တွေ ကောင်းမွန်စေချင်တယ်။

**မယွန်းကဗျာစိုး(ဒဂုံမြို့နယ်)**

ပထမဆုံးအကြိမ်မဲပေးရတဲ့ အတွေ့အကြုံက စိတ်လှုပ်ရှားတယ်။ ကျွန်မတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပညာရေးပိုင်းဆိုင်ရာ ပိုမိုမြှင့်တင်ပေးနိုင်မယ့်အခွင့်အလမ်းတွေကို မျှော်လင့်ပါတယ်။ အားလုံးအတွက် ပိုကောင်းမယ်ထင်တဲ့ခေါင်းဆောင်ကို မျှော်လင့်တာကြောင့် ဆန္ဒမဲလာပေးတာပါ။

**မအေးမဒီစိုး(လမ်းမတော်မြို့နယ်)**

ပထမဆုံးအကြိမ်မဲပေးတာပါ၊ အစကတော့ မလုပ်တတ်မှာစိုးရိမ်ပေမယ့် လွယ်ကူရိုးရှင်းတယ်၊ အဆင်ပြေပါတယ်၊ နိုင်ငံသားဖြစ်ရင်တော့ ကိုယ့်နိုင်ငံအတွက် ကြည့်သင့်တယ်၊ နောင်ရှေ့လျှောက် ဘဝတွေဖြစ်မယ်၊ ဒီနိုင်ငံမှာနေရင် ကိုယ့်နိုင်ငံအတွက် ကြည့်သင့်တယ်၊ မြန်မာနိုင်ငံကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပုံမှန်လည်ပတ်နေတာမျိုး ဖြစ်စေချင်တယ်။ ဒါကြောင့်ကိုယ်ပေးမယ့်ကိုယ်စားလှယ်ကို လေ့လာတယ်၊ အကောင်းဆုံး ဆောင်ရွက်မယ်ထင်တဲ့သူကို မဲပေးခဲ့ပါတယ်၊ ရှေ့လျှောက် မြန်မာနိုင်ငံလည်း ငြိမ်းချမ်းပြီး တိုးတက်တာကို မျှော်လင့်ချင်တယ်။

**မောင်ဝေဖြိုးဦး(လမ်းမတော်မြို့နယ်)**

နိုင်ငံသားတစ်ယောက်ရဲ့ ဆန္ဒထုတ်ဖော်ခွင့်ရဖို့ မိမိဆန္ဒနဲ့ ထပ်တူကျမယ်လို့ထင်တဲ့ ကိုယ်စားလှယ်ကို ရွေးချယ်ခဲ့ပါတယ်၊ နိုင်ငံကို ဒီထက်ပိုပြီး ကောင်းမွန်စေချင်တဲ့အပြင် အစစအရာရာ အဆင်ပြေတိုးတက်စေချင်ပါတယ်။

**မဝတ်ရွှေရည် (ရန်ကင်းမြို့နယ်)**

ကျွန်မအနေနဲ့ ပထမဆုံး ဆန္ဒမဲပေးရတာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ နိုင်ငံသားတစ်ဦးရဲ့အခွင့်အရေး မဆုံးရှုံးအောင် မဲပေးခွင့်ရတဲ့အပေါ်မှာလည်း ဝမ်းသာရပါတယ်။ စက်နဲ့မဲပေးရတာ ဘာမှအခက်အခဲမရှိပါဘူး။ ကျွန်မက တက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ် ပါတယ်၊ ကိုယ့်နိုင်ငံအတွက် ကိုယ်တတ်နိုင်တဲ့အားနဲ့ အကျိုးပြုချင်ပါတယ်။ အခုထက်ပိုမိုကောင်းမွန်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်မြင်ချင်ပါတယ်။ ပညာရေးကဏ္ဍမှာ အာရှနိုင်ငံတွေနဲ့ ရင်ပေါင်တန်းပြီး လူငယ်တွေရဲ့ စွမ်းဆောင်ရည်မြင့်မားမှုကနေ လူငယ်တွေရဲ့ အနာဂတ်ကို ပိုပြီးတိုးတက်ကောင်းမွန်ဖို့ ဖော်ဆောင်ပေးနိုင်မယ့် အစိုးရသစ်တစ်ရပ်ကိုလည်း မျှော်လင့်ထားပါတယ်။

**မမေသဲနုခိုင်(တာမွေမြို့နယ်)**

ကျွန်မက ပထမဆုံးဆန္ဒမဲပေးရတာပါ။ စက်နဲ့ပေးရတာ အဆင်ပြေပါတယ်။ နိုင်ငံအတွက် အကျိုးရှိမယ်လို့ ထင်ထားတဲ့ပါတီကို မဲပေးခဲ့ပါတယ်။ ကျွန်မက ကျောင်းသူတစ်ဦးဖြစ်တဲ့အတွက် ပညာရေးကဏ္ဍကိုပဲ ဦးစားပေးပြောချင်ပါတယ်။ နိုင်ငံတည်ထောင်တဲ့အခါမှာ ပညာရေးနဲ့ တည်ထောင်ကြတဲ့ နိုင်ငံဟာ ဒီနေ့မှာ အရှိန်အဟုန်နဲ့ တိုးတက်နေတာကိုတွေ့ရမှာပါ။ ပညာရည်မြင့်မားရင် နည်းပညာကပ်ပါလာတဲ့အတွက် စီးပွားရေးက အလိုလို အောင်မြင်ပြီးသားပါ။ ပတ်ဝန်းကျင်နိုင်ငံတွေကိုကြည့်ရင် သိပါတယ်။ တည်ငြိမ်တဲ့ ပညာရေးစနစ်လည်း ဖြစ်ဖို့လိုပါတယ်။ လူငယ်တွေဆိုတာ အနာဂတ်ကို လင်းလက်တောက်ပစေတဲ့ မျိုးဆက်သစ်တွေဖြစ်တာကြောင့် လူငယ်တွေကို ရွေချဖို့လိုတယ်လို့ ပြောချင်ပါတယ်။ ပညာရေးကဏ္ဍမှာလည်း တောင်ပေါ်၊ မြေပြန့်အခွင့်အရေးနဲ့ သင်ကြားရေး ညီမျှဖို့လိုပါတယ်။ တိုင်းပြည်ရဲ့အနာဂတ်ဟာ လူငယ်တွေအပေါ်မှာ မူတည်နေတဲ့အတွက် ကျွန်မတို့ လူငယ်တွေအနာဂတ် ရွှေရောင်လင်းလက်ဖို့ဆိုရင် ပညာအလင်းနဲ့မှ ဝင်းလက်စေမှာပါ။ လူငယ်၊ ပညာရေးနဲ့ပေါင်းစည်းမှုဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရဲ့ စစ်မှန်တဲ့ခွန်အားတစ်ခုလို့ ပြောလိုပါတယ်။

**မမေရတနာ(တာမွေမြို့နယ်)**

ကျွန်မမျက်စိဆေးရုံမှာ အလုပ်လုပ်နေပါတယ်။ နိုင်ငံသားလူငယ်တစ်ဦးအနေနဲ့ ပထမဆုံး မဲပေးရတာဖြစ်ပါတယ်။ လစာတွေတိုးဖို့၊ ကုန်ဈေးနှုန်းလျော့ကျဖို့၊ အလုပ်အကိုင်တွေအဆင်ပြေဖို့ စွမ်းဆောင်နိုင်မယ့်ပါတီကို အပြည့်အဝ မဲပေးခဲ့ပါတယ်။ ပြီးတော့ ဝန်ထမ်းတွေ နေထိုင်၊ သွားလာရေးအဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်မယ်လို့ထင်တဲ့ ပါတီကို မဲပေးခဲ့တာပါ။ နိုင်ငံကို အေးချမ်းသာယာစေချင်တယ်။ ဝန်ထမ်းတွေရဲ့ဘဝ တိုးတက်မြင့်မားအောင် စီမံဆောင်ရွက်ပေးနိုင်မယ်လို့မျှော်လင့်ထားတဲ့ ကိုယ်စားလှယ်လောင်းကို အားပါးတရ မဲပေးခဲ့တာဖြစ်တဲ့အတွက် ကျွန်မတို့ လူငယ်ဝန်ထမ်းတွေ ဘဝနောင်ရေး စိတ်အေးရမယ်လို့ ထင်ပါတယ်။

**မနန်းဝတ်ရည်(တာမွေမြို့နယ်)**

နိုင်ငံအတွက် အရေးကြီးတဲ့ဆန္ဒမဲကို ပေးခဲ့ပါတယ်။ ရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်လောင်းဟာ တိုင်းပြည်ပိုပြီးကောင်းမွန်အောင်၊ စီးပွားရေးဘက်မှာလည်း အဆင်ပြေလာအောင် ဆောင်ရွက်ပေးနိုင်မယ့်သူလို့ ယူဆထားလို့ပါ။ အစိုးရသစ်တစ်ရပ်ပေါ်ထွန်းလာရင် ကုန်ဈေးနှုန်းတည်ငြိမ်ပြီး ကုန်ဈေးနှုန်းဟာ လစာနဲ့ အဆင်ပြေအောင်၊ အလုပ်အကိုင်အခွင့်အလမ်းတွေကနေ အားလုံးစီးပွားရေး အဆင်ပြေအောင်၊ အမျိုးသမီးထုတစ်ရပ်လုံး လုံခြုံမှုနဲ့ အခွင့်အရေးတွေ၊ လမ်းပန်းဆက်သွယ်ရေးနဲ့ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာ ပြည်သူကိုယ်စားပြု အားကိုးအားထားပြုနိုင်မယ်လို့ အများကြီး မျှော်လင့်ထားပါတယ်။

**ဦးစိုးဝင်း(တာမွေမြို့နယ်)**

ကျွန်တော်က တိုင်းပြည်ကောင်းရာကောင်းကြောင်းကို ကိုယ်ကျိုးမကြည့်ဘဲ ဆောင်ရွက်သွားမယ့် ပါတီကိုယ်စားလှယ်လောင်းကို မဲပေးခဲ့တာပါ။ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာတဲ့ လူမှုဘဝကို လိုချင်မက်မောကြပါတယ်။ အခုအချိန်ဟာ အင်မတန်အရေးကြီးပါတယ်။ လုပ်ဆောင်စရာတွေလည်း အများကြီးရှိနေပါတယ်။ တိုင်းပြည်အေးချမ်းသာယာဖို့အတွက် အားလုံးလက်တွဲညီညီနဲ့ လက်တွဲလုပ်ဆောင်သွားဖို့လည်း လိုပါတယ်။ တိုင်းပြည်ရဲ့အနာဂတ်ဟာ ပြည်သူ့လက်ထဲမှာရှိသလို ပေါ်ထွန်းလာမယ့် အစိုးရသစ်ရဲ့ စွမ်းဆောင်ရည်ပေါ်မှာလည်း မူတည်နေပါတယ်။

**ဒေါ်နွယ်နီမျိုးလှိုင် - (မဲရုံမှူး)၊ မဲရုံအမှတ် (၁) ရန်ကင်းမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း**

ရန်ကင်းမြို့နယ် အမှတ်(၁၄) ရပ်ကွက် မဲရုံ(၁)မှာ မဲပေးသူ ၂၂၉၆ ဦး၊ ကရင်တိုင်းရင်းသား ကိုယ်စားလှယ်အတွက် ၇၄ ဦး၊ ရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်အတွက် ၉၄ ဦးရှိပါတယ်။ ကြိုတင်မဲအနေနဲ့ မဲဆန္ဒရှင် ၇၀ က ပေးထားပါတယ်။ အများပြည်သူမဲပေးရာမှာ အဆင်ပြေချောမွေ့အောင်၊ မဲစာရင်းကြည့်တာ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ထားပြီး စက်ကိုလည်း အကြိမ်ကြိမ်စစ်ဆေးခဲ့ပါတယ်။ ဒီနေ့မဲရုံဖွင့်တဲ့နေ့ မနက် ၅ နာရီမှာ ကိုယ်စားလှယ်လောင်းတွေရောက်ရှိချိန်မှာ စက်ခလုတ်တွေ ကောင်းမွန်ပြီး စက်မှာ Zero Setting ဖြစ်ကြောင်း ပြသခဲ့ပါတယ်။ မနက် ၆ နာရီမှာ မဲပေးတဲ့ပြည်သူတွေ ရောက်ရှိမဲပေးခဲ့ပြီး ညနေ ၄ နာရီ မဲရုံပိတ်ပေမယ့် မဲရုံပရိဝုဏ်အတွင်းမှာရှိတဲ့ မဲပေးသူအားလုံး စနစ်တကျမဲပေးနိုင်အောင် စီမံဆောင်ရွက်ပေးထားပါတယ်။

**ဦးဒါဝတ်(တာမွေမြို့နယ်)**

တိုင်းပြည်အတွက် ကောင်းမွန်တဲ့ အစိုးရသစ်တစ်ရပ် ပေါ်ထွန်းလာမယ်လို့ မျှော်လင့်ပါတယ်။ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍတွေ ကောင်းမွန်လာဖို့လိုပါတယ်။ အဓိက နိုင်ငံသားအခွင့်အရေး တန်းတူညီမျှဖြစ်စေလိုပါတယ်။ အခုအခါမှာ အဓိကရင်ဆိုင်နေရတာက စီးပွားရေးကဏ္ဍဖြစ်တဲ့အတွက် ကုန်သွယ်ရေးပွင့်လန်းအောင် ဆောင်ရွက်ပေးနိုင်ဖို့လိုပါတယ်။ ကောင်းမွန်တဲ့အပြောင်းအလဲတစ်ခု ပေါ်ထွန်းလာမယ်လို့လည်း ယုံကြည်ပါတယ်။ နိုင်ငံဖွံ့ဖြိုးဖို့ဆိုရင် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲမထားဖို့လိုပါတယ်။ နိုင်ငံကောင်းမွန်အောင် ဆောင်ရွက်မယ့် ပြုပြင်ပြောင်းလဲရေး ပုဂ္ဂိုလ်တွေကို ကျွန်တော်တို့ ကြိုဆိုရမှာပါ။ ဒါကြောင့် နိုင်ငံနဲ့ ပြည်သူအကျိုးကို ကြည့်တဲ့ အစိုးရသစ်တစ်ရပ်ကို အားပါးတရကြိုဆိုနေပါတယ်။

**အင်တာဗျူး- ငြိမ်းသူ၊ ကျော်ကြီး**
**ဓာတ်ပုံ-ကနူး၊ ကျော်ကြီး**

# စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၌ နေထိုင်ကြသူများအနေဖြင့် လွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက်ပြီး အေးချမ်းစွာနေထိုင်လျက်ရှိသည့် အခြေအနေနှင့် စပ်လျဉ်း၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးနှင့် နိုင်ငံတော်အစိုးရ၏ နေထိုင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအတွက် စီမံဆောင်ရွက်ပေးမှုများနှင့် စပ်လျဉ်း၍ ဆေးသမားကြီးကျေးရွာနေ ဒေါ်တင်နီရွှေ (ခေါ်) နန်ရောင်စောရတို့၏ ပြောကြားချက်များ

**ရခိုင်ပြည်နယ် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၌ နေထိုင်ကြသူများအနေဖြင့် လွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက်ပြီး အေးချမ်းစွာနေထိုင်လျက်ရှိသည့် အခြေအနေနှင့် စပ်လျဉ်း၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စစ်တွေခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးနှင့် နိုင်ငံတော်အစိုးရ၏ နေထိုင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအတွက် စီမံဆောင်ရွက်ပေးမှုများနှင့် စပ်လျဉ်း၍ စစ်တွေမြို့ ဆေးသမားကြီးကျေးရွာနေ ဒေါ်တင်နီရွှေ (ခေါ်) နန်ရောင်စောရတို့၏ ပြောကြားချက်များကို ဖော်ပြအပ်ပါသည်။**



**ဦးအောင်နိုင်ဦး (ညွှန်ကြားရေးမှူး) ခရိုင်အုပ်ချုပ်ရေးမှူး၊ စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

ကျွန်တော်တို့ အခု အောင်မင်္ဂလာရပ်ကွက်မှာ ရောက်နေတာ ဖြစ်ပါတယ်။ ဒီမှာ တွေ့မြင်နေရတာတော့ အောင်မင်္ဂလာရပ်ကွက် စာသင်ကျောင်းပဲ ဖြစ်ပါတယ်။ အောင်မင်္ဂလာရပ်ကွက်ထဲမှာ အစိုးရစာသင်ကျောင်းတစ်ကျောင်းနဲ့ အာရဗီစာသင်ကျောင်းနှစ်ကျောင်း ရှိပါတယ်။ လက်ရှိရောက်ရှိနေတဲ့ အစိုးရကျောင်းထဲမှာလည်း ရပ်ကွက်ထဲက ကျောင်းသား ကျောင်းသူတွေကို ပညာသင်ကြားနေတာဖြစ်သလို ဆရာ ဆရာမတွေလည်း အင်ပြည့်အားပြည့် သင်ကြားပေးနေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီရပ်ကွက်အတွင်းမှာ ၂၀၁၂ ခုနှစ် ပဋိပက္ခနောက်ပိုင်း ၂၀၁၃-၂၀၁၄ မှာတော့ ရပ်ကွက်ပြည်သူတွေ လုံခြုံရေးအတွက် အပြင်မှာ လုံခြုံရေးစောင့်ပေးတာရှိတယ်၊ ဂိတ်တွေ ချထားတာရှိပါတယ်။

၂၀၁၄ ခုနှစ် နောက်ပိုင်းမှာတော့ ဂိတ်တွေပြန်လည်ဖယ်ရှားပြီး ပြည်သူတွေ လွတ်လပ်စွာသွားလာနေကြပြီပဲ ဖြစ်ပါတယ်။ ဘာအတားအဆီးမှ ချထားတာ မရှိပါဘူး။ အလားတူပဲ ကျွန်တော်တို့ ဒီနားမှာလည်း စည်ကားတဲ့ဈေးတစ်ခု ရှိပါတယ်။ ဈေးနာမည်ကတော့ ရပ်ကွက်နေ ဒေသခံတွေက ဒီမိုကရေစီဈေးလို့ အမည်ပေးထားတဲ့ဈေး ဖြစ်ပါတယ်။ ဒီအချိန်အခါမှာတော့ ဒီရပ်ကွက်အတွင်းမှာ စစ်တွေမြို့မှာရှိတဲ့ ရခိုင်တိုင်းရင်းသားတွေ၊ အခြားတိုင်းရင်းသားလူမျိုးတွေ၊ ဘင်္ဂါလီလူမျိုးတွေ လွတ်လွတ်လပ်လပ် သွားလာနေတဲ့နေရာ ဖြစ်ပါတယ်။

ဒီစာသင်ကျောင်းလေးမှာ မြေကွက်လပ်တစ်ခု ရှိပါတယ်။ ထပ်ပြီးတိုးချဲ့ဖို့ စီမံဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရောက်ရှိနေတာက အောင်မင်္ဂလာရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းဖြစ်ပါတယ်။ ဒီကျောင်းမှာက ရပ်ကွက်ထဲက ကျောင်းသား ကျောင်းသူတွေ ပညာသင်ကြားနေတာ ဖြစ်ပါတယ်။ ထပ်မံပြီးတော့ ဒီဘက်အဆောက်အအုံ တိုးချဲ့ဖို့ မြေကွက်လပ်မှာ ကျောင်းဆောင်အသစ်ဆောက်လုပ်နိုင်ဖို့လည်း စီမံဆောင်ရွက်နေတာရှိပါတယ်။ ကျွန်တော်တို့ ရောက်ရှိနေတာက စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်ထဲမှာရှိတဲ့ ဈေးဖြစ်ပါတယ်။ ဈေးနာမည်က ဒီမိုကရေစီဈေး ဖြစ်ပါတယ်။ ဒီဈေးထဲမှာ ရပ်ကွက်ထဲမှာရှိတဲ့ ဘင်္ဂါလီလူမျိုးတွေ ရောင်းဝယ်ဖောက်ကားနေတာရှိသလို ရခိုင်တိုင်းရင်းသားတွေ၊ အခြားတိုင်းရင်းသားတွေလည်း ရောင်းဝယ်ဖောက်ကားနေကြတာ ဖြစ်ပါတယ်။ ဒီမှာတော့ အခုလိုပဲ လွတ်လပ်အေးချမ်းစွာနဲ့ သွားလာ လှုပ်ရှားနေကြတာ ဖြစ်ပါတယ်။



**ဒေါ်တင်နီရွှေ (ခေါ်) နန်ရောင်စောရ ဆေးသမားကြီးကျေးရွာ၊ စစ်တွေမြို့**

ကျွန်မ ဒီမှာနေတာ နှစ်ပေါင်းသုံးဆယ်လောက် ရှိပါပြီ။ အိမ်ထောင်သည်ပါ၊ ကလေးလေးယောက်ရှိပါတယ်။ ဆေးဝါးကုသမှု အခြေအနေက အစိုးရအဖွဲ့ဆီကနေ ဆေးဝါးကုသမှု ခံယူလို့ရပါတယ်။ အစိုးရကျန်းမာရေးဌာနက တစ်လတစ်ကြိမ် ကလေးတွေကို ကာကွယ်ဆေးထိုးပေးတာမျိုးရှိပါတယ်။ လူနာဆိုရင်လည်း တစ်ပတ် တစ်ခါ၊ ဆယ့်ငါးရက်တစ်ခါ လာပြီးတော့ ဆေးကုသမှုပေးလေ့ရှိပါတယ်။ ကျွန်မတို့ လွတ်လွတ်လပ်လပ် ကုသခွင့်ရပါတယ်။ လုံခြုံရေးအနေနဲ့ဆိုရင် ကျွန်မတို့မှာ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေ ရှိပါတယ်။ သူတို့က ကာကွယ်ပေးပါတယ်။ အကူအညီလိုအပ်လို့ သူတို့ဆီသွားပြောတဲ့အခါ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးတာမျိုး ရှိပါတယ်။ သူတို့ဆီက အကောင်းဆုံး အကူအညီတွေ ရပါတယ်။ အစိုးရအဖွဲ့ကလည်း အကောင်းဆုံး ကူညီဆောင်ရွက်ပေးတာမျိုး ရှိပါတယ်။ ကျွန်မ အလုပ်က ကျပန်းပါ။ ဒါပေမယ့် အဆင်ပြေပါတယ်။ ကျွန်မယောကျ်ားကလည်း ကျပန်းပါ။ လုံးဝ လွတ်လွတ်လပ်လပ် ရှိပါတယ်။ ဘာအနှောင့်အယှက်မှ မရှိပါဘူး။ အစိုးရအဖွဲ့ကလည်း လွတ်လွတ်လပ်လပ်နေလို့ရအောင် လုပ်ပေးပါတယ်။ အဆင်ပြေပါတယ်။

ကျန်းမာရေးအခြေအနေဆိုရင် ကျန်းမာရေးဌာနက ခုနက ပြောသလိုမျိုး ကာကွယ်ဆေး တစ်လတစ်ကြိမ်လာပြီး ကာကွယ်ဆေးထိုးပေးတာမျိုး၊ ကိုယ်ဝန်ဆောင်ဆိုရင် ကာကွယ်ဆေးထိုးပေးတာမျိုး ရှိပါတယ်။ ကလေးဆိုရင် ကလေးနှစ်လပြည့်တဲ့အခါ ကာကွယ်ဆေးထိုးပေးတာမျိုး ရှိပါတယ်။ တကယ့်အရေးပေါ်ဆိုရင် အစိုးရအဖွဲ့က ဆေးကုသမှုပေးတာမျိုး ရှိပါတယ်။ အဲဒီမှာ သွားပြီးတော့ လွတ်လွတ်လပ်လပ် ကုသလို့ရပါတယ်။

ပညာရေးကဏ္ဍဆိုရင် ကျွန်မတို့ ဆေးသမားကြီးရွာမှာ မူလတန်းလွန်ကျောင်း ရှိပါတယ်။ ခုနစ်တန်းအထိ မူလတန်းလွန်ကျောင်းမှာ ပညာသင်လို့ရပါတယ်။ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းဆိုရင်တော့ သက္ကယ်ပြင်မှာ အစိုးရကျောင်း ဖွင့်ထားတာရှိပါတယ်။ အဲဒီကျောင်းမှာ သွားပြီးတော့ လွတ်လွတ်လပ်လပ် တက်လို့ရပါတယ်။ နိုင်ငံသားကတ်ပြားဆိုရင် ၂၀၁၇ ခုနှစ်မှာတော့ စီမံချက်အနေနဲ့ အစိုးရအဖွဲ့ လဝကက လာပြီးတော့ လုပ်ပေးတာမျိုး ရှိပါတယ်။ ရထားတဲ့ လူလည်း ရှိပါတယ်။ မရတဲ့လူလည်း ရှိပါတယ်။ ကျွန်မကတော့ လျှောက်ထားဆဲပါ။ ကျွန်မတို့ရမယ်လို့ မျှော်လင့်ပါတယ်။ ရွေးကောက်ပွဲမဲပေးဖို့တော့ ကျွန်မမှာ မရှိပါဘူး။ ဒါပေမယ့် ကျွန်မ သွားကြည့်ပါတယ်။

**သတင်းအဖွဲ့**

*❊ ကျောဖုံးမှ*

ယနေ့ နံနက် ၉ နာရီမှစတင်၍ ရေကူးပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ရာ (S4) အမျိုးသား မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် ညီညီလင်းထက်က ရွှေတံဆိပ်၊ (SB7) အမျိုးသား မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် မင်းထူးက ငွေတံဆိပ်၊ (S6) အမျိုးသား မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် အောင်မြင့်မြတ်က ကြေးတံဆိပ်၊ ပြေးခုန်ပစ်အားကစားနည်းတွင် (F55) အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် ထက်ထက်အေးက ရွှေတံဆိပ်၊ (F63,F64) အမျိုးသမီး သံလုံးပစ် ပြိုင်ပွဲတွင် စိန်ဖော့က ရွှေတံဆိပ်၊ နန်းဝင်းဝင်းသန်းက ငွေတံဆိပ်၊ (မျက်မမြင်)ဂိုးလ်ဘောအားကစားနည်းတွင် မြန်မာအသင်းက ကြေးတံဆိပ်၊ (မျက်မမြင်)စစ်တုရင် အားကစားနည်းတွင် (B2) အမျိုးသား အသင်းလိုက်ပွဲစဉ်၌ မောရှေ၊ လင်းထက်နောင်နှင့် မင်းသန့်စိုးတို့အတွဲက ကြေးတံဆိပ်၊ (B1) အမျိုးသားအသင်းလိုက်ပွဲစဉ်၌ ကောင်းစံ၊ မျိုးဆန်အောင်နှင့် သန့်ဇင်ဦးတို့အတွဲက ကြေးတံဆိပ်၊ ထိုင်လျက်ဘော်လီဘော ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းက အင်ဒိုနီးရှားအသင်းအား (၃)ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ရွှေတံဆိပ်၊ ခုနစ်ယောက်တစ်ဖက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းက အိမ်ရှင်ထိုင်းအသင်းကို တစ်ဂိုး- ဂိုး မရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ငွေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယနှင့် တတိယရရှိသူများကို မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ် လှမိုးနှင့် Asean Para Sports Federation(APSF)မှ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော်က ပြိုင်ပွဲကာလအတွင်း ရွှေတံဆိပ်ဆု တစ်ဆုလျှင် အမေရိကန် ဒေါ်လာ ၃၀၀၊ ငွေတံဆိပ်ဆု တစ်ဆုလျှင် ဒေါ်လာ ၂၀၀ နှင့် ကြေးတံဆိပ်ဆု တစ်ဆုလျှင် ဒေါ်လာ ၁၀၀ တို့ကို သတ်မှတ်ချီးမြှင့်ထားရှိရာ ဆုပေးပွဲအခမ်းအနား ကျင်းပပြီးချိန်တွင် နိုင်ငံတော်ကိုယ်စား မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးက ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့်အဖွဲ့သည် 80th Birthday Anniversary Stadium အတွင်း မြန်မာမသန်စွမ်း ပြေးခုန်ပစ်အားကစားအဖွဲ့၊ ရေကူးအားကစားအဖွဲ့၊ သေနတ်ပစ်အားကစားအဖွဲ့နှင့် ထိုင်လျက်ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှု၊ Center Point Hotel Terminal 21(Korat)တွင် စားပွဲတင် တင်းနစ်အားကစားအဖွဲ့ ယှဉ်ပြိုင်ကစားနေမှု၊ Vongchavalitkul University တွင် (မျက်မမြင်)ဂိုးလ်ဘော အားကစားအဖွဲ့ ယှဉ်ပြိုင်ကစားနေမှု၊ Nakhon Ratchasima Rajabhat University တွင် (မျက်မမြင်)စစ်တုရင် အားကစားအဖွဲ့နှင့် ခုနစ်ယောက်တစ်ဖက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းနှင့် အိမ်ရှင်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ဇန်နဝါရီ ၂၅ ရက်တွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ ထိုင်လျက်ဘော်လီဘော၊ ခုနစ်ယောက်တစ်ဖက် ဘောလုံး၊ (မျက်မမြင်) ဂိုးလ်ဘော၊ (မျက်မမြင်) စစ်တုရင်၊ သေနတ်ပစ်နှင့် စားပွဲတင် တင်းနစ်အားကစားနည်းများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် လေးခု ဆွတ်ခူးရရှိခဲ့သည်။

(၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ် အခု ၂၀၊ ငွေတံဆိပ် ၁၉ ခုနှင့် ကြေးတံဆိပ် အခု ၂၀ စုစုပေါင်းဆုတံဆိပ် ၅၉ ခု ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၆)တွင် ရပ်တည်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရရှိခဲ့သည့် ရွှေတံဆိပ်များထက် ငါးခု ပိုမိုရရှိခဲ့သည့်အတွက် ယခုပြိုင်ပွဲသည် မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် နိုင်ငံတော်၏ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ခဲ့ကြောင်း သိရသည်။




**အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ထိုင်လျက်ဘော်လီဘော ဗိုလ်လုပွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။**

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ မဲရုံအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများက လွတ်လပ်စွာ စနစ်တကျ ဆန္ဒမဲပေးနေမှုများ ကွင်းဆင်းကြည့်ရှုအားပေး

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းက ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း



(၃)တွင် ပါဝင်သည့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ မဲရုံအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများက လွတ်လပ်အေးချမ်းစွာ စနစ်တကျ ဆန္ဒမဲပေးနေမှုများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒဂုံမြို့နယ် ပြည်လမ်း(အရှေ့) ရပ်ကွက်၊ ဒဂုံမြို့နယ် ယောမင်းကြီး ရပ်ကွက်မဲရုံအမှတ် (၂)၊ လမ်းမတော်မြို့နယ် အမှတ်(၈)ရပ်ကွက်၊ ဒဂုံမြို့နယ် ပြည်လမ်း(အနောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ် လင်းလွန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ် ကျွန်းတော(အလယ်)ရပ်ကွက်။

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၉၄)ရပ်ကွက်၊ သာကေတမြို့နယ်၊ (၇/အနောက်)ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက်၊ တာမွေ မြို့နယ် နတ်မောက်ရပ်ကွက်၊ ရန်ကင်းမြို့နယ် အမှတ် (၈) ရပ်ကွက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တို အရှေ့ရပ်ကွက်၊ ဒလမြို့နယ် တာကြီးရပ်ကွက်၊ ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ သုံးခွမြို့နယ် ကံမြင့်ကျေးရွာအုပ်စု၊ သုံးခွမြို့နယ် အမှတ်(၅)ရပ်ကွက်၊ သုံးခွမြို့နယ် ပတုပ်ကျေးရွာအုပ်စုရှိ သတ်မှတ်မဲရုံတို့တွင် တာဝန်ရှိသူများက မဲဆန္ဒရှင်ပြည်သူများအား ကြို/ပို့ယာဉ်များဖြင့် ဆောင်ရွက်ပေးနေမှုများနှင့် မဲဆန္ဒရှင်ပြည်သူများက လွတ်လပ်စွာ စနစ်တကျဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ရခိုင်ပြည်နယ်လွှတ်တော် အဆောက်အအုံ အကြီးစားပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇန်နဝါရီ ၂၅**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ်လွှတ်တော် အဆောက်အအုံအား အကြီးစားပြုပြင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

**ကြပ်မတ်ဆောင်ရွက်**

ကြည့်ရှုစစ်ဆေးစဉ် ရခိုင်ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြည်နယ်လွှတ်တော် အဆောက်အအုံအား အကြီးစားပြုပြင်နေမှု၊ ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်သယံဇာတရေးရာဝန်ကြီးက ဖြည့်စွက်အကြံပြုရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က မကြာမီ တတိယအကြိမ် လွှတ်တော်ကျင်းပမည်ဖြစ်သည့်အတွက် အချိန်မီပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လွှတ်တော်အဆောက်အအုံ ပင်မဆောင်ပြုပြင်ပြီးစီးနေမှု၊ အစည်းအဝေးခန်းမ၊ ရုံးခန်းများပြုပြင်နေမှု၊ လွှတ်တော်အဆောက်အအုံ ပင်မဆောင်ကို ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးဖြန့်ဖြူးပေးထားမှုနှင့် ဆိုလာများ တပ်ဆင်ထားရှိမှု၊ လွှတ်တော်ရိပ်သာ၊ ထမင်းစားဆောင်နှင့် ရုံးခန်းများ ပြုပြင်ပြီးစီးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**တင်ထွန်း**
**(ပြန်/ဆက်)**



## သဘောထားထုတ်ပြန်ကြေညာချက်

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**

**ဗဟိုကော်မတီဌာနချုပ်**

**သဘောထားထုတ်ပြန်ကြေညာချက်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ဂမ်ဘီယာနိုင်ငံက နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့၊ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် တစ်မျိုးသားလုံး၏ အကျိုးစီးပွားကိုထိပါးစေပြီး နိုင်ငံတကာအမြင်တွင် အထင်အမြင်လွဲမှားစေသည့် လုပ်ကြံစွပ်စွဲမှုများအား ကန့်ကွက်ရှုတ်ချအပ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါ်သီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (Agent Of Myanmar)သည် နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့၊ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)တွင် သမိုင်းရေးဖြစ်စဉ်၊ နိုင်ငံရေးအမြင်များဖြင့် ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များအား ဥပဒေနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် ရင်ဆိုင် ဖြေရှင်းလျက်ရှိနေပါသည်။

ဤသို့ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)တွင် နိုင်ငံတော်နှင့် မြန်မာတစ်မျိုးသားလုံး၏ ဂုဏ်သိက္ခာကို တာဝန်ယူလျက် ဥပဒေ၊ သက်သေအထောက်အထားများနှင့်အညီ ရင်ဆိုင်ကြိုးပမ်းစွမ်းဆောင်နေမှုများကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ဂုဏ်ပြုထောက်ခံအပ်ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ (Agent Of Myanmar)၏ တရားဥပဒေအပေါ် ယုံကြည်မှုအပြည့်အဝဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဖြေရှင်းဆောင်ရွက်နေမှုများအား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ပြည်သူများနှင့်အတူ တစ်သားတည်း ရပ်တည်လျက်ရှိပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

ရက်စွဲ၊ ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်

# ရွှေဂုံတိုင်ကလေးပြုစုရေးဌာန အမျိုးသမီးများပြုစုစောင့်ရှောက်ရေးစင်တာနှင့် မသန်စွမ်းသက်ကြီးစောင့်ရှောက်ရေးဂေဟာ ကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် ဇန်နဝါရီ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ရွှေဂုံတိုင် ကလေးပြုစုရေးဌာန အမျိုးသမီးများပြုစုစောင့်ရှောက်ရေးစင်တာနှင့် မသန်စွမ်းသက်ကြီးစောင့်ရှောက်ရေးဂေဟာသို့ သွားရောက်ကြည့်ရှုသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မွေးစမှ အသက် ၁၀ နှစ်အရွယ်အထိကလေးသူငယ်များကိုလက်ခံစောင့်ရှောက်ထားသော ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ ရောက်ရှိရာ ကျောင်းအုပ်က ကျောင်း၏လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ကလေးအဆောင်များ၊ ထမင်းစားဆောင်၊ ဆေးခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ မူလတန်းကြိုကျောင်းနှင့် မူလတန်းတက်ရောက်နေသော ကလေးငယ်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ တာဝန်ရှိသူများအားလသား ကလေးငယ်များနှင့် အထူးပြုစုစောင့်ရှောက်ရန် လိုအပ်သည့် ကလေးများကို နွေးထွေးစွာ ပြုစုစောင့်ရှောက်ရန်၊ ကလေးငယ်များကို ပြင်ပလေ့လာရေးများ ပို့ဆောင်ပေးရန်မှာကြားသည်။

ထို့နောက် ထောက်ကြန့်မြို့နယ်ရှိ မသန်စွမ်းသက်ကြီးစောင့်ရှောက်ရေးဂေဟာသို့ သွားရောက်ကာ မသန်စွမ်းကျောင်းသား ကျောင်းသူများကို လက်ခံစောင့်ရှောက်ပေးနေမှု၊ ချက်ပြုတ် ကျွေးမွေးမှုများနှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး မသန်စွမ်းသူများဖြစ်သဖြင့် အထူးဂရုပြု စောင့်ရှောက်မှုပေးရန်၊ အာဟာရပြည့်ဝစေရေး စနစ်တကျ ကျွေးမွေးစောင့်ရှောက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**စည်းလုံးခြင်းသည် အင်အား၊**
**ညီညွတ်ခြင်းသည် စွမ်းအား**
**ငြိမ်းချမ်းခြင်းသည် အလှတရား**

**ပြည်ထောင်စုကြီး တိုးတက်ဖို့**
**ထာဝရငြိမ်းချမ်းရေးကို**
**တည်ဆောက်စို့**



## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကျင်းပနေမှု သွားရောက်ကြည့်ရှုအားပေး

**ပဲခူး ဇန်နဝါရီ ၂၅**

ပဲခူးခရိုင်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကျင်းပနေမှုနှင့် မဲဆန္ဒရှင်ပြည်သူများ စိတ်ဝင်တစား လာရောက်ဆန္ဒမဲပေးနေမှုတို့ကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ကြီးတို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တို့သည် ဝေါမြို့ ချေမ်းသာယာရပ်ကွက် အထက(ချေမ်း)၌ ဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၁)နှင့် မဲရုံအမှတ်(၂)၊ ချမ်းမြသာစည်ရပ်ကွက် မြို့နယ်ခန်းမဆောင်အရှေ့ခြမ်း (ချမ်းမြ)၌ ဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၁)၊ အရှေ့ဘက်ခြမ်းရပ်ကွက်၊ အထက(ဝေါအရှေ့)၌ ဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၁)နှင့် မဲရုံအမှတ်(၂) တို့၌ မဲဆန္ဒရှင်ပြည်သူများ စိတ်ဝင်တစား လာရောက်ဆန္ဒမဲပေးနေမှုနှင့် တာဝန်ရှိသူများက ဆန္ဒမဲပေးသူများ အေးချမ်းလွတ်လပ်စွာဖြင့် အချိန်ကုန် သက်သာစွာမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ဝေါမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၃ ခု ၌ ဆန္ဒမဲပေးသည့် မဲရုံ ၁၀၇ ခုရှိပြီး သက်ဆိုင်ရာ မဲရုံများအလိုက် ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများ ပူးပေါင်း၍ ဆန္ဒမဲပေးသူများကို ကုသိုလ်ဖြစ်ရေသန့်၊ အအေးဘူးနှင့် မုန့်များ ပေးဝေကြသည်။

ပဲခူးတိုင်းဒေသကြီးတွင် မြို့နယ် (၂၈) မြို့နယ်ရှိပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)အား မြို့နယ် ရှစ်မြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်တွင်လည်းကောင်း၊ အပိုင်း(၂)အဖြစ် ၁၂ မြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်တွင်လည်းကောင်း အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ယနေ့တွင် အပိုင်း(၃)အား ကျန်ရှိသည့် မြို့နယ်ရှစ်မြို့နယ်တို့တွင် ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၃)တွင် ညောင်ရွှေမြို့နယ်အတွင်း ပြည်သူများအေးချမ်းစွာ ဆန္ဒမဲပေးနေမှု ကြည့်ရှုအားပေး

**ညောင်ရွှေ ဇန်နဝါရီ ၂၅**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်၌ ကျင်းပရာ ပြည်သူများ လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် ညောင်ရွှေမြို့နယ် ရပ်ကွက်ကျေးရွာအသီးသီးရှိ မဲရုံများတွင် နံနက်(၆) နာရီ၌ မဲရုံမှူးများက မဲရုံစတင် ဖွင့်လှစ်ကြောင်းကြေညာရာ ပြည်သူများက စိတ်အားထက်သန်၊ အေးချမ်းစွာဖြင့် ဆန္ဒမဲလာရောက်ပေးကြသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃) ညောင်ရွှေမြို့နယ်အတွင်း၌ပါဝင်သော နန်းသီတာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ တိလောစခန်းကြီးကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ အခြေခံပညာ အလယ်တန်းကျောင်းရှိ ရွှေရန်ပြေ၊ တိလောစခန်းကြီးကျေးရွာအုပ်စု မဲရုံအမှတ်(၃)၊ ညောင်ရွှေမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ နန္ဒဝန်ရပ်ကွက် မဲရုံအမှတ်(၁၊၂၊၃)၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းရှိ မင်္ဂလာရပ်ကွက်မဲရုံအမှတ်(၁)၊ အမှတ်(၅) အခြေခံပညာ မူလတန်းလွန်ကျောင်းရှိ ဝင်းရပ်ကွက်မဲရုံအမှတ်(၁)နှင့် နန်းပန်ရပ်ကွက်မဲရုံအမှတ်(၁)တို့ကို သွားရောက်၍ ပြည်သူများ အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲလာရောက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့ရှိ သာစည်ကန်နှင့် နဒီကန်အတွင်း သဲနုန်းများ တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က တူးဖော်ရရှိသော သဲနုန်းမြေများကို ကန်တာပေါင်မြင့်တင်ပေးရန်၊ ပိုနေသော မြေများကိုလည်း သာစည်ကန်နှင့် နဒီကန်တစ်ဖက်ရှိ လမ်း၏ ဝဲဘက်တွင်လည်း တာပေါင်မြင့် ဆောင်ရွက်ပေးရန်၊ အင်းလေးကန်ရှိ နုန်းထိန်းတမံများကိုလည်း ပြန်လည်ကြည့်ရှုစစ်ဆေးကြရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် ရွှေညောင်-ညောင်ရွှေလမ်း (၈/၀)မိုင် လမ်းပိုင်းဆောင်ရွက်နေမှုနှင့် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းကို စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးရန်နှင့် ရေရှည်ခိုင်ခံ့အောင် ဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ကချင်ပြည်နယ်ဝန်ကြီးချုပ် ပလနကျေးရွာအုပ်စုအတွင်း မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေမှုနှင့် ငွေပျော်စံပြကျေးရွာအတွင်း ဗန်းမော်ခရိုင်မှ ယာယီတိမ်းရှောင်မိသားစုများ နေရာချထားပေးနိုင်ရေး မြေနေရာပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇန်နဝါရီ ၂၅**

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်း စားရေရိက္ခာဖူလုံရေးတွင် အဓိကကျသည့် သားငါးစားသုံးမှု ဖူလုံလာစေရေးနှင့် ဈေးနှုန်းတည်ငြိမ်စွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် ပလနကျေးရွာအုပ်စု ငွေပျော်စံပြကျေးရွာအနီးတွင် အသားတိုးကြက်မွေးမြူရေးခြံများ တည်ဆောက်၍ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ယနေ့တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါ ငွေပျော်စံပြကျေးရွာအနီးရှိ မြေနေရာတွင် စီးပွားဖြစ်မွေးမြူဆောင်ရွက်လျက်ရှိသည့် ပိုင်ရှင် ဦးသိန်းဟန်၏ ကြက်ခြံများအတွင်း အသားတိုးကြက်ကြီးကောင်ရေ ၅၅၀၀ နှင့် ကြက်ပေါက်ကောင်ရေ ၆၀၀၀ မွေးမြူထားရှိမှုအခြေအနေ၊ ကြက်ခြံများမှ စွန့်ပစ် အညစ်အကြေးများအား သဘာဝမြေဩဇာအဖြစ် ပြုပြင်ထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် တိုးချဲ့ကြက်ခြံများ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွေးမြူရေးလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်နေသူများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံပြီး မွေးမြူရေးလုပ်ငန်းများအတွက် ကြက်သားပေါက်များနှင့် တိရစ္ဆာန်အစာမှာယူရရှိမှုအခြေအနေ၊ ဒေသတွင်း ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချပေးနေမှုအခြေအနေများကို မေးမြန်းဆွေးနွေးကာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသတွင်း စနစ်တကျ မွေးမြူနိုင်သည့် ပုဂ္ဂလိကပိုင်ကြက်ခြံများ တိုးပွားလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူနိုင်ရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေး၊ လိုအပ်သည်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်ခိုင်ဘွမ်တောင်ခြေရှိ ငွေပျော်စံပြကျေးရွာသို့ သွားရောက်ပြီး ကျေးရွာအတွင်း ပြည်နယ်အစိုးရအဖွဲ့က တည်ဆောက်ပေးထားသည့် နေအိမ်အသစ်များ၌ ယာယီတိမ်းရှောင်မိသားစုများ ထပ်မံ၍ နေရာချပေးထားမှု အခြေအနေ၊ အဆိုပါ ထပ်တိုးနေရာချထားပေးသည့် နေအိမ်များ ဧရိယာအတွင်း မိုးရာသီတွင် ရေဝပ်နိုင်သည့် အခြေအနေနှင့် ဗန်းမော်ခရိုင်အတွင်းမှ နေထိုင်လိုသော မိသားစုများအတွက် ယာယီနေအိမ်များ ဆောက်လုပ်၍ နေရာချထားပေးနိုင်ရေး မြေယာရှင်းလင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ရေဝပ်တင်ကျန်မှု မရှိစေရေးအတွက် ရေထုတ်၊ ရေလွှဲမြောင်း ဆောက်လုပ်နိုင်ရေး မြေပြင်ကွင်းဆင်းတိုင်းတာ တွက်ချက်တင်ပြနိုင်ရေးနှင့် လိုအပ်သည်များကို ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ကျိုက္ကဆံလမ်း မဲရုံ(၁) ၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးနေမှုကို နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အဖွဲ့များနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ တာဝန်ရှိသူများ စောင့်ကြည့်လေ့လာကြစဉ်။



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် မဲရုံ(၁) ၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးနေမှုကို နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံတကာ သံရုံးများမှ သံတမန်များ၊ တာဝန်ရှိသူများ စောင့်ကြည့်လေ့လာကြစဉ်။

❖ *ကျောဖုံးမှ*

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်နှင့်အတူ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များဖြစ်ကြသည့် ဘယ်လာရုစ်သမ္မတနိုင်ငံမှ Ms. Volha N. Chamadanova ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Yich Samethy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ နီပေါနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Dr. Janaki Kumari Tuladhar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Ms. Yusti Erlina ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ Mr. Mario Jose Armengol Campos ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ Mr. Nguyen Xuan Loc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှ Ms. Rami Niranjan Desai၊ International Conference of Asian Political Parties (ICAPP) အဖွဲ့မှ Dr.Chheng Kimlong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်တွင်းအခြေစိုက် နိုင်ငံတကာသံရုံးများမှ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ပြည်လမ်း အရှေ့ရပ်ကွက် မဲရုံအမှတ် (၂)၊ လမ်းမတော်မြို့နယ် အမှတ် (၈) ရပ်ကွက် မဲရုံအမှတ် (၁)၊ သာကေတမြို့နယ် အမှတ် (၇) ရပ်ကွက် (အနောက်) မဲရုံအမှတ် (၁) နှင့် မဲရုံအမှတ် (၂) တို့၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၆၁)ရပ်ကွက် မဲရုံအမှတ်(၁)၊ တာမွေမြို့နယ် နတ်မောက်ရပ်ကွက် မဲရုံအမှတ် (၁)၊ ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် မဲရုံအမှတ် (၁)၊ ရန်ကင်းမြို့နယ် အမှတ်(၁၄) ရပ်ကွက် မဲရုံအမှတ် (၁) တို့၌ လည်းကောင်း မဲဆန္ဒရှင်ပြည်သူများက မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြု၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား လွတ်လပ်စွာ ဆန္ဒပြုမဲပေးရွေးချယ်နေမှု၊ ရွေးကောက်ပွဲဆိုင်ရာစံနှုန်းများ၊ အလေ့အကျင့်ကောင်းများနှင့်အညီ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်နေမှုများကို လေ့လာစောင့်ကြည့်ကြပြီး မဲရုံမှူးများ၊ တာဝန်ရှိသူများ၊ မဲဆန္ဒရှင်ပြည်သူများကိုတွေ့ဆုံ၍ ၎င်းတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများအား ဒုတိယအသုတ်အဖြစ် ထပ်မံပြန်လည်ခေါ်ဆောင်

နေပြည်တော် ဇန်နဝါရီ ၂၅



မြန်မာနိုင်ငံ အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက် ဆောင်ရွက်လျက်ရှိပြီး Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေသည့် နိုင်ငံခြားသားများကိုလည်း လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေးကာ ပါဝင်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အပြင် အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ကမ္ဘောဒီးယားနိုင်ငံအစိုးရအနေဖြင့် ၎င်းတို့နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တိုက်ဖျက် နှိမ်နင်းလျက်ရှိရာ အဆိုပါ ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများသည် ၎င်းတို့အစီအစဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးသို့ သတင်းပေးပို့မှုများအရလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများက လွှဲပြောင်းပေးအပ်မှုများအရလည်းကောင်း ကမ္ဘောဒီးယားနိုင်ငံ မြန်မာသံရုံးသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံ မြန်မာသံရုံးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားအနက် ပထမအသုတ်အနေဖြင့် မြန်မာနိုင်ငံသား ၁၃၆ ဦးကို မြန်မာ့လေကြောင်းလိုင်း (MAI) ဖြင့် ဇန်နဝါရီ ၂၃ ရက် နံနက်အစောပိုင်းတွင် မြန်မာနိုင်ငံ မန္တလေးမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဒုတိယ အသုတ်အနေဖြင့် မြန်မာနိုင်ငံသား ၅၀ ကို ဇန်နဝါရီ ၂၅ ရက် (ယနေ့) တွင် မြန်မာ့လေကြောင်းလိုင်း (MAI) ဖြင့် မြန်မာနိုင်ငံ မန္တလေးမြို့ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့လည်းကောင်း၊ ၁၈၀ ကို ယနေ့ညနေပိုင်းတွင် တပ်မတော်လေယာဉ်နှစ်စင်းဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့လည်းကောင်း၊ ထပ်မံ၍ ၁၈၀ ကို ယနေ့ညပိုင်းတွင် တပ်မတော်လေယာဉ်နှစ်စင်းဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ လည်းကောင်း ပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့ရာ ယနေ့အထိ မြန်မာနိုင်ငံသား ၅၄၆ ဦး ပြန်လည်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယနေ့တွင် မြိတ်လေဆိပ်သို့ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ မြိတ်ခရိုင်/ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ၊ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ကာ လုပ်ထုံးလုပ်နည်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံတွင် ကျန်ရှိသည့် မြန်မာနိုင်ငံသားများအား အမြန်ဆုံးပြန်လည်ခေါ်ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

ခံစစ်အဆိုးရွားဆုံးအသင်းထဲ ပါဝင်နေသော ပြိုင်ဘက်အသင်း၏ ကျစ်လျစ်မာကျောသည့် ခံစစ်ကို ထိုးဖောက်ကျော်ဖြတ်နိုင်စွမ်း မရှိပေ။

ဘုန်းမောက်အသင်းသည် လီဗာပူးအသင်း၏ ဖိအားပေးကစားမှုအောက် ခက်ခက်ခဲခဲရုန်းကန်ခဲ့ရသော်လည်း ရရှိလာသည့်အခွင့်အရေးများကို အမိအရအသုံးချကာ သွင်းဂိုးများအဖြစ် ပြောင်းလဲပြီး ရမှတ်အပြည့်ရယူနိုင်ခဲ့သည်။ လီဗာပူးအသင်းသည် ဘောလုံးပိုင်ဆိုင်မှုပိုင်းတွင် ဘုန်းမောက်အသင်းကို အသာရခဲ့သော်လည်း ဂိုးရရှိနိုင်သည့် အခွင့်အရေးဖန်တီးမှုပိုင်းနှင့် ဂိုးပေါက်တည့်မတ်မှုပိုင်းတွင် ဘုန်းမောက်အသင်းထက် လျော့နည်းခဲ့သည်။

လီဗာပူးအသင်းသည် မိနစ် ၈၀ တွင် ရရှိခဲ့သော ဆဘော့ဆလိုင်း၏ သွင်းဂိုးကြောင့် တစ်ဖက်နှစ်ဂိုးစီဖြင့် ပြိုင်ပွဲပြီးဆုံးရန် နီးကပ်ခဲ့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် အဒ်လီ၏ နောက်ကျသွင်းဂိုး ခွင့်ပြုပေးခဲ့ရသည့်အတွက် သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ လီဗာပူးအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ပရီမီယာလိဂ် ၂၃ ပွဲ ကစားပြီး ရှုံးပွဲ ၇ ပွဲ ရှိလာပြီဖြစ်သည်။ ပြိုင်ဘက်ဘုန်းမောက်အသင်းက ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် နိုင်ပွဲ ၇ ပွဲ ရှိလာပြီဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဝက်စ်ဟမ်းက ဆန်းဒါးလန်းကို သုံးဂိုး-တစ်ဂိုး၊ ဖူလ်ဟမ်က ဘရိုက်တန်ကို နှစ်ဂိုး-တစ်ဂိုး၊ မန်စီးတီးက ဝုဖ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး ဘန်လေနှင့် စပါးအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။ **အောင်ဇော်**

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရွေးကောက်ပွဲ အပိုင်း(၃)၌ ပြည်သူများ ယုံကြည်ချက်အပြည့်ဖြင့် ဆန္ဒမဲပေးမှုမြင်ကွင်းများ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၃)ကို ဇန်နဝါရီ ၂၅ ရက် နံနက် ၆ နာရီမှ စတင်ကာ တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်နယ်မြေများ၌ ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲကို ယုံကြည်ချက်အပြည့်ဖြင့် အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြသည်။


ဒေးဒရဲမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
အေဇာလင်း


ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
ဖွဲ့မင်းထက်(ပြန်/ဆက်)


မြစ်သားမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
ဝါဝါမြင့်(မြစ်သား)


ရွှေကူမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
မြို့နယ်(ပြန်/ဆက်)


သပိတ်ကျင်းမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
ဖြိုးမမ(ပြန်/ဆက်)


မြင်းခြံမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
ချစ်ဦးနွေ(မြင်းခြံ)


အင်္ဂပူမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
မြို့နယ်(ပြန်/ဆက်)


မလှိုင်မြို့နယ် ကူကြီးကုန်းအုပ်စု ခုနစ်ချက်ကျေးရွာ မဲရုံအမှတ် (၂) ၌ ပြည်သူများ လာရောက်မဲပေးစဉ်။
၂၁၁


ရေကြည်မြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
မြို့နယ်(ပြန်/ဆက်)


ကြာအင်းဆိပ်ကြီးမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
မြို့နယ်(ပြန်/ဆက်)


ညောင်ရွှေမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
စိုင်းအယ်ဘဲ


ခရမ်းမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
မြို့နယ်(ပြန်/ဆက်)


ငပုတောမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
အောင်သူ(ပြန်/ဆက်)


ကျောက်ကြီးမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
မြို့နယ်(ပြန်/ဆက်)


ပင်လောင်းမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
မြို့နယ်(ပြန်/ဆက်)


ငါန်းဇွန်မြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
သက်နောင်ဦး(ငါန်းဇွန်)


သီပေါမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
မြို့နယ်(ပြန်/ဆက်)


လေးမျက်နှာမြို့နယ်၌ ပြည်သူများ မဲပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

# ရွေးကောက်ပွဲ အပိုင်း(၃)၌ ပြည်သူများ ယုံကြည်ချက်အပြည့်ဖြင့် ဆန္ဒမဲပေးမှုမြင်ကွင်းများ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၃)ကို ဇန်နဝါရီ ၂၅ ရက် နံနက် ၆ နာရီမှ စတင်ကာ တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်နယ်မြေများ၌ ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲကို ယုံကြည်ချက်အပြည့်ဖြင့် အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြသည်။


မြောက်ဥက္ကလာပမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
သက်လွင်စိုး(ပြန်/ဆက်)


မော်လမြိုင်ကျွန်းမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
ရဲကိုမောင်(ပြန်/ဆက်)


လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
ကျော်သန်း(ပြန်/ဆက်)


လောင်းလုံးမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
လောင်းလုံး(ပြန်/ဆက်)


ဆားလင်းကြီးမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
မြို့နယ်(ပြန်/ဆက်)


ကနီမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
ခရိုင်(ပြန်/ဆက်)


ကော့ကရိတ်မြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
ခရိုင်(ပြန်/ဆက်)


ဖားကန့်မြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
မြို့နယ်(ပြန်/ဆက်)


သရက်ချောင်းမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
ပြည့်ဖြိုးပိုင်(ပြန်/ဆက်)


လမ်းမတော်မြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
ကျော်ဆန်းမြင့်(ပြန်/ဆက်)



ပုလောမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
ပုလော(ပြန်/ဆက်)


ဖြူးမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
မြို့နယ်(ပြန်/ဆက်)


အုတ်တွင်းမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
ခင်ခင်မာ(ပြန်/ဆက်)


သဲကုန်းမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
မြို့နယ်(ပြန်/ဆက်)


အုတ်ဖိုမြို့နယ်၌ ပြည်သူများ လာရောက်မဲပေးစဉ်။
အောင်သူ(ပြန်/ဆက်)



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Noun (နာမ်) များအကြောင်း အသေးစိတ်ဆက်လက် ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာတော့ Singular and Plural Nouns (အနည်းကိန်းနှင့် အများကိန်းပုံစံနာမ်များ) အကြောင်း ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about instructions (စေခိုင်း၊ အမိန့်ပေး၊ ညွှန်ကြားမှုတွေကို ဘယ်လိုပြောမလဲ) ကို ထင်းခနဲ လင်းခနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**Uncountable noun Exercise –1 မှအဖြေများ**

1. A large number of
2. a lot of
3. a lot of
4. any
5. some
6. much
7. Many
8. any
9. a little
10. a
11. a
12. A

**Singular မှ Plural Nouns သို့ ပြောင်းလဲပုံအဆက် တချို့ "o" နဲ့ဆုံးလည်း Noun ပါပဲ "s" ပဲပေါင်းရမယ်။**

ဥပမာ–

| | |
|---|---|
| bamboo (ဝါး) | bamboos (ဝါးများ) |
| piano (စန္ဒရား) | pianos (စန္ဒရားများ) |
| radio (ရေဒီယို) | radios (ရေဒီယိုများ) |
| banjo (ဘင်ဂျို) | banjos (ဘင်ဂျိုများ) |
| photo (ဓာတ်ပုံ) | photos (ဓာတ်ပုံများ) |

dynamo (စက်စွမ်းအင်ကို လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းပေးသော စက်–ဒိုင်နမို)

dynamos (စက်စွမ်းအင်ကို လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းပေးသော စက်များ–ဒိုင်နမိုများ)

**"y" နဲ့ဆုံးရင် အများပြောင်းချင် "y" ကို "i" ပြောင်း "es" ပေါင်း။**

ဥပမာ–

| | |
|---|---|
| baby (ကလေး) | babies (ကလေးများ) |
| lady (အမျိုးသမီး) | ladies (အမျိုးသမီးများ) |
| story (ပုံပြင်) | stories (ပုံပြင်များ) |
| fly (ယင်ကောင်) | flies (ယင်ကောင်များ) |
| lorry (ကုန်တင်ကား) | lorries (ကုန်တင်ကားများ) |
| city (မြို့) | cities (မြို့များ) |
| army (စစ်တပ်) | armies (စစ်တပ်များ) |

**တချို့ "y" နဲ့ဆုံးသော်လည်း "y" ရဲ့ရှေ့မှာ သရ (vowel) ပါ "s" ပဲ ပေါင်းရမှာ။ ဥပမာ–**

| | |
|---|---|
| monkey (မျောက်) | monkeys (မျောက်များ) |
| way (နည်းလမ်း) | ways (နည်းလမ်းများ) |
| day (ရက်) | days (ရက်များ) |
| valley (တောင်ကြား) | valleys (တောင်ကြားများ) |
| boy (ကောင်လေး) | boys (ကောင်လေးများ) |
| key (သော့) | keys (သော့များ) |

**"f" နဲ့ "fe" ဆုံးပါက "f" နဲ့ "fe" ဖြုတ်ပစ်ကာ "ves" ကိုပေါင်းရမှာ၊ မှတ်ပါ အများပြောင်းဖို့။ ဥပမာ–**

| | |
|---|---|
| loaf (ပေါင်မုန့်လုံး) | loaves (ပေါင်မုန့်လုံးများ) |
| leaf (သစ်ရွက်) | leaves (သစ်ရွက်များ) |
| thief (သူခိုး) | thieves (သူခိုးများ) |
| shelf (စင်) | shelves (စင်များ) |
| calf (နွားပေါက်ကလေး) | calves (နွားပေါက်ကလေးများ) |
| half (ထက်ဝက်) | halves (ထက်ဝက်များ) |
| wolf (ဝံပုလွေ) | wolves (ဝံပုလွေများ) |
| life (အသက်၊ဘဝ) | lives (အသက်များ၊ဘဝများ) |
| wife (ဇနီး) | wives (ဇနီးများ) |
| knife (ဓား) | knives (ဓားများ) |

**တချို့ "f" နဲ့ "fe" ဆုံးသော်လည်း "s" ပဲပေါင်းရမှာ။ ဥပမာ–**

| | |
|---|---|
| chief(ခေါင်းဆောင်၊ အကြီးအကဲ) | chiefs (ခေါင်းဆောင်များ၊ အကြီးအကဲများ) |
| hoof (တိရစ္ဆာန်ခွာ) | hoofs (တိရစ္ဆာန်ခွာများ) |
| roof (ခေါင်မိုး) | roofs (ခေါင်မိုးများ) |
| proof (သက်သေ အထောက်အထား) | proofs (သက်သေ အထောက်အထားများ) |
| dwarf (လူပုလေး) | dwarfs (လူပုလေးများ) |
| safe (မီးခံသေတ္တာ) | safes (မီးခံသေတ္တာများ) |
| reef ((ကျောက်တန်း) | reefs (ကျောက်တန်းများ) |
| gulf (ပင်လယ်ကွေ့) | gulfs (ပင်လယ်ကွေ့များ) |

## VOCABULARY ENRICHMENT PROGRAMME

1. **to go to the root of the matter = (ကိစ္စရပ်တစ်ခု၏ ဇာစ်မြစ်အထိ သွားသည်။)**
   We still don't understand what happened; we **must go to the root of the matter.**
   ဘာဖြစ်ခဲ့သလဲဆိုတာ ငါတို့အခုအထိ မသိသေးဘူး။ ငါတို့ ဒီကိစ္စရပ်ရဲ့ ဇာစ်မြစ်အထိ သွားရမယ်။
2. **to pull up one's/the socks (အခြေအနေတိုးတက်အောင် ကြိုးစားသည်။)**
   She'll have **to pull up her socks** in English if she wants to pass.
   သူစာမေးပွဲအောင်ချင်ရင် အင်္ဂလိပ်စာမှာ အခြေအနေ တိုးတက်အောင် ကြိုးစားဖို့လိုတယ်။
3. **to call a spade a spade (စိတ်ထဲရှိသည်ကို မကွယ်မဝှက်ပြောသည်။ ဖြောင့်ပြောသည်။)**
   That dress made her look fat, **let's call a spade a spade** before she goes out wearing it and embarrasses herself.
   ဒီဝတ်စုံက သူ့ကိုကြည့်ရတာ ဝစေတယ်။ သူ့ကိုယ်သူရှက်မနေအောင် သူအပြင်မထွက်ခင် သူ့ကို မကွယ်မဝှက်ပြောရအောင်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



**Conversation**

**How to talk about instructions (စေခိုင်း၊ အမိန့်ပေး၊ ညွှန်ကြားမှုတွေကို ဘယ်လိုပြောမလဲ)**

*Fry …*

*Plant …*

*Turn left …*

*Take exit 14 …*

*You (must) …*

၁။ **imperative (စေခိုင်း၊ အမိန့်ပေး၊ ညွှန်ကြားမှု)** တွေကို အရေးဘာသာစကားနဲ့ ဖော်ပြတဲ့အခါမှာ သုံးပါတယ်။ ဥပမာ–

- Fry the onions in a little oil.
- Plant the bulbs a few inches apart.

တစ်ခါတစ်ရံ စေခိုင်း၊ အမိန့်ပေး၊ ညွှန်ကြားမှုတွေကို အပြောဘာသာစကားနဲ့ ဖော်ပြတဲ့အခါမှာလည်း **imperative** ကိုသုံးပါတယ်။ ဥပမာ–

- Turn left at the traffic lights and go straight on until you reach Kingston.
- Take Exit 14 from the expressway and then take the first road on the right.

၂။ အင်္ဂလိပ်ဘာသာစကားမှာ ပုဂ္ဂိုလ်သုံးမျိုးရှိတဲ့အနက် ဒုတိယပုဂ္ဂိုလ်ဖြစ်တဲ့ **you** ကို **verb** နဲ့တွဲပြီး ပိုပြီးအရပ်ဆန်ဆန်ပြောနိုင်ပါတယ်။ ဥပမာ–

- You whisk three eggs together and add a little cream or milk.
- You apply the shampoo to the carpet and leave it for ten minutes. Then you vacuum the carpet.

ဘာသာစကားရှုထောင့်

တစ်ခါတစ်ရံ **verb** ရဲ့ရှေ့မှာ **should** ကိုထည့်ပြီး တော့လည်း ပြောနိုင်ပါတယ်။ ဥပမာ–

- You should turn left at the town hall.
- You should freeze the dish immediately after preparation.

၃။ **you must …** ဆိုတဲ့အသုံးကို ပုံမှန်အားဖြင့် အများပြည်သူနဲ့ ဆက်စပ်တဲ့အခြေအနေမျိုးမှာ ဘယ်သူကို ဘာလုပ်ဆိုပြီး ပြောတဲ့အခါမှာ သုံးပါတယ်။ ဥပမာ–

- You must supply bank references before we rent you the flat.
- Passengers must check in two hours before departure.

ဘာသာစကားရှုထောင့်

**Should** ကိုလည်း အလားတူအခြေအနေမျိုးမှာ သုံးနိုင်ပေမယ့် နည်းနည်းတော့ အရပ်သဘောဆန်ပါတယ်။ ဥပမာ–

- You should report to your class teacher at 8.30 tomorrow morning.
- Students should arrive at least ten minutes before the start of the exam.

၄။ ဟင်းချက်နည်းလမ်းညွှန်တစ်ခုမှာ **imperative** ကိုသုံးပြီး ဖော်ပြထားတဲ့ ဝါကျအချို့ကို လေ့လာကြည့်ရအောင်ပါ။

1. Chop the onions, garlic and ginger.
2. Take a medium-sized saucepan. Pour a little olive oil into it and heat it over a medium heat.
3. Add the onions, garlic and ginger to the pan and fry them lightly.
4. You should make sure that the onions do not brown.
5. When the onions are soft add a glass of dry white wine.

**How to make that banana pudding**

**Alice:** Can you tell me how to make that banana pudding? The kids love it.

**Jane:** Certainly. You take four large bananas. Choose ones that are quite ripe, but not brown. Then you get a fork and you mash the bananas up. They should not be too mushy and so don't use a food processor. After that add two teaspoonfuls of freshly squeezed lemon juice to the bananas. That's to stop them going brown. You then add a cup of single cream. You should stir the mixture gently. Take a bar of plain chocolate. You must use a good quality one. Grate it over the banana mixture and stir gently.

ပရီမီယာလိဂ်ပွဲစဉ် (၂၃)

အဲဗာတန် - လိဒ်စ်

၂၇-၁-၂၀၂၆ (အင်္ဂါနေ့)

ပရီမီယာလိဂ်ပွဲစဉ် (၂၃) မှ အဲဗာတန်နဲ့ လိဒ်စ်အသင်းပွဲစဉ်ကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဘယ်အသင်းက ရလဒ်ကောင်းရရှိပြီး ဘယ်အသင်းက ရလဒ်ဆိုးနဲ့ ကြုံတွေ့သွားမလဲ လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# ခြေစွမ်းထက်တဲ့အသင်းထက် အမှားနည်းတဲ့အသင်း နိုင်ပွဲရဖွယ်ရှိတယ်



**အဲဗာတန် VS လိဒ်စ်** နံနက် ၂း၃၀

### အဲဗာတန်ရဲ့ လက်ရှိအခြေအနေ

အဲဗာတန်က အိမ်ကွင်းမှာ ကစားရမှာဖြစ်လို့ အားသာချက်ရှိတယ်။ အင်ဒီယေးရဲ့ ထိုးဖောက်တိုက်စစ်ဆင်မှုတွေက အဲဗာတန်တိုက်စစ်အတွက် အသက်ရှူပေါက်ဖြစ်နေပေမယ့် ဂိုးရဖို့ ရုန်းကန်နေရတဲ့အပြင် ခံစစ်ကလည်း အမှားကျူးလွန်တတ်တာ သတိပြုရမယ်။

### လိဒ်စ်ရဲ့ လက်ရှိအခြေအနေ

တန်းဆင်းဇုန်အထက် ပြတ်သားတဲ့ ရလဒ်နဲ့ရပ်တည်နိုင်ဖို့ ခြေကုန်ထုတ်လာမယ့် လိဒ်စ်က အားမာန်အပြည့်နဲ့ တိုက်စစ်ဖွင့်ကစားတတ်လေ့ရှိတယ်။ အထူးသဖြင့် လိဒ်စ်ရဲ့ ကွင်းလယ်နဲ့ တိုက်စစ်က အဲဗာတန်ခံစစ်ကို ဒုက္ခပေးသွားဖွယ်ရှိတယ်။

### သုံးသပ်ချက်

ခြေစွမ်းသာတဲ့အသင်းထက် အမှားနည်းတဲ့အသင်းသာ နိုင်ပွဲရယူသွားဖွယ်ရှိတယ်။

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးနှစ်ပွဲရလဒ်**

| | | | |
|---|---|---|---|
| လိဒ်စ် | ၁-၀ | အဲဗာတန် | ပရီမီယာလိဂ် |
| အဲဗာတန် | ၁-၀ | လိဒ်စ် | ပရီမီယာလိဂ် |

**စောင့်ကြည့်ရမယ့်ကစားသမား**

အင်ဒီယေး

သွင်းဂိုး + ဂိုးဖန်တီးမှု = ၆

**အဲဗာတန်ရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ဖောရက်စ် | ၀-၂ | အဲဗာတန် |
| အဲဗာတန် | ၂-၄ | ဘရန့်ဖို့ဒ် |
| အဲဗာတန် | ၁-၁ | ဝုဖ် |
| အဲဗာတန် | ၁-၁ | ဆန်းဒါးလန်း |
| ဗီလာ | ၀-၁ | အဲဗာတန် |



**စောင့်ကြည့်ရမယ့်ကစားသမား**

ကားဗက်လီဝင်

သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၀

**လိဒ်စ်ရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| လီဗာပူး | ၀-၀ | လိဒ်စ် |
| လိဒ်စ် | ၁-၁ | မန်ယူ |
| ကာဆယ် | ၄-၃ | လိဒ်စ် |
| ဒါဘီ | ၁-၃ | လိဒ်စ် |
| လိဒ်စ် | ၁-၀ | ဖူလ်ဟမ် |

## အလက်ဇန္ဒြားအာနိုးကို ရီးရဲမက်ဒရစ်မှ ထွက်ခွာရန် ပြောဆိုထားခြင်း မရှိဟုဆို



နည်းပြ အယ်ဗာရို အာဘီလိုအာက နွေရာသီတွင် ကလပ်အသင်းသစ် ရှာဖွေထားရန် အလက်ဇန္ဒြားအာနိုးကို တိုက်တွန်းထားသည်ဟု စပိန်သတင်းအရင်းအမြစ်များတွင် ဖော်ပြထားသော်လည်း ၎င်းကို ရီးရဲမက်ဒရစ်အသင်းမှ ထွက်ခွာရန် ပြောဆိုထားခြင်း မရှိကြောင်း သိရသည်။ အာနိုးသည် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ပုံမှန်ပွဲထွက်ခွင့် ရရှိရန် ရုန်းကန်နေရသူ ဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ရီးရဲမက်ဒရစ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၁ ပွဲ ပါဝင်ကစားထားပြီး သွင်းဂိုးသွင်းယူထားနိုင်ခြင်း မရှိဘဲ ဂိုးဖန်တီးမှု တစ်ကြိမ်သာ ပြုလုပ်ထားနိုင်ကြောင်း သိရသည်။

## နောက်ဆုံးရ အားကစား သတင်းတိုများ

- ဘုန်းမောက်အသင်းက လာဇီယိုနှင့် ဂရိဂိုးသမား မန်းဒက်စ် (၂၄နှစ်) ကို ပေါင် ၂ ဒသမ ၆ သန်းဖြင့် အငှားခေါ်ယူရန် နီးစပ်နေပြီ ဖြစ်သည်။
- အာဆင်နယ်က နွေရာသီတွင် အက်သလက်တီကိုမက်ဒရစ်မှ အာဂျင်တီးနား တိုက်စစ်ကစားသမား ဂျီလီယန် အယ်ဗာရက်ဇ် (၂၅ နှစ်) ကို ခေါ်ယူရာတွင် ပေါင်သန်း ၈၀ ကုန်ကျဖွယ်ရှိသည်။
- ဩစတြေးလျအိုးပင်းအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ နာမည်ကျော်တင်းနစ်ကစားသမားများဖြစ်သည့် အယ်ကာရက်ဇ်၊ ဇီဗာရက်ဗ်၊ နိုဗက်ဒီဂျိုကိုဗစ်တို့ တက်လှမ်းထားနိုင်ပြီ ဖြစ်သည်။
- ဇန်နဝါရီ ၂၅ ရက်ညပိုင်းက ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ် (၂၉) အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ပို့စ်မောက်နှင့် ဆောက်သမ်တန်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

# ရီးရဲမက်ဒရစ်က အမ်ဘာပေ၏ သွင်းဂိုးများဖြင့် ဗီလာရီးရဲကို အနိုင်ရ

စပိန်လာလီဂါပွဲစဉ် (၂၁) မှ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် ဗီလာရီးရဲနှင့် နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းပွဲစဉ်ကို ဇန်နဝါရီ ၂၅ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းက အသင်းအဓိက တိုက်စစ်ကစားသမား အမ်ဘာပေ၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။

ဗီလာရီးရဲအသင်းသည် ပြီးခဲ့သည့်ပွဲစဉ်မှ ရှုံးနိမ့်မှုကို ချေဖျက်ရန် အားစိုက်ကစားလာသော်လည်း ရီးရဲမက်ဒရစ်အသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးကာ ရှုံးပွဲဆက်လက်ကြုံတွေ့ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းတိုက်စစ်ကစားသမား အမ်ဘာပေက ယခုပွဲတွင် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းအတွက် ရရှိသည့် နှစ်ဂိုးစလုံးကို သွင်းယူနိုင်ခဲ့သည်။ အဆိုပါ သွင်းဂိုးများကြောင့် လာလီဂါတွင် ပွဲ ၂၀ ကစားပြီး သွင်းဂိုး ၂၁ ဂိုး ရှိလာပြီ ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ခါးသီးပြိုင်ဘက် ဘာစီလိုနာအသင်းထက် တစ်ပွဲပိုကစားပြီး နှစ်မှတ်အသာ ရမှတ် ၅၁ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက်ဗီလာရီးရဲအသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် လာလီဂါ ရှုံးပွဲ ငါးပွဲ ရှိလာပြီ ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းက မာယော့ကာကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။



ရီးရဲမက်ဒရစ်အသင်း အဓိကတိုက်စစ်ကစားသမား အမ်ဘာပေ ဗီလာရီးရဲအသင်းဘက်သို့ ပယ်နယ်တီ သွင်းယူစဉ်။

**လာလီဂါ ဂိုးအများဆုံးသွင်းယူထားသူများ**

| အမည် | ဂိုး |
|---|---|
| အမ်ဘာပေ | ၂၁ |
| မူရီကီ | ၁၄ |
| တောရက်စ် | ၁၁ |
| လီဝမ်ဒေါစကီး | ၉ |
| ဘူဒီမီယာ | ၉ |



■ မိုးဇက်-စုစည်းရေးသားသည်

# ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆာဘယ်လင်ကာ အမ်ဘိုကို ကို အနိုင်ယူပြီး ဩစတြေးလျအိုးပင်းကွာတားဖိုင်နယ် တက်ရောက်

ကမ္ဘာ့နံပါတ်တစ် ဘယ်လာရုစ် တင်းနစ်မယ် အရှိုင်နာ ဆာဘယ်လင်ကာသည် ဇန်နဝါရီ ၂၅ ရက် တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဩစတြေးလျအိုးပင်း အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ စတုတ္ထအဆင့်တွင် ကနေဒါ တင်းနစ်မယ် ဗစ်တိုးရီးယားအမ်ဘိုကိုကို ၆-၁၊ ၇-၆ (၇-၁) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

ဆာဘယ်လင်ကာသည် ဩစတြေးလျအိုးပင်း ပြိုင်ပွဲ ပထမအဆင့်တွင် ပြင်သစ်တင်းနစ်မယ် တီအန်ဆိုအာ ဆာရာ၊ ဒုတိယ အဆင့်တွင် တရုတ်တင်းနစ်မယ် ကျိုးရှင်ပိုင်၊ တတိယအဆင့်တွင် ဩစတြီးယားတင်းနစ်မယ် ပိုတာပိုဗာတို့ကို အဆင့်ဆင့် ကျော်ဖြတ်ထားသူ ဖြစ်သည်။

ဆာဘယ်လင်ကာသည် ဩစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် အမေရိကန်တင်းနစ်မယ် အီဗာဂျိုဗစ်နှင့် လာမည့် ဇန်နဝါရီ ၂၇ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ ဂျိုဗစ်သည် ဩစတြေးလျအိုးပင် စတုတ္ထအဆင့်တွင် ကာဇက်စတန်တင်းနစ်မယ် ယူလီယာ ပူတင်ဆီဗာနှင့် တွေ့ဆုံခဲ့ပြီး ၆-၀၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ် တက်လှမ်းလာသူ ဖြစ်သည်။

ဆာဘယ်လင်ကာနှင့်အတူ ဩစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ကိုကိုဂေါ့ဖ်၊ စဗစ်တိုလီနာတို့ တက်လှမ်းထားနိုင်ပြီ ဖြစ်သည်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ပခုက္ကူတက္ကသိုလ်
## ဘွဲ့နှင်းသဘင် ကြေညာချက်

၁။ ပခုက္ကူတက္ကသိုလ် (နေ့သင်တန်း)မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားသူများအတွက် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ပခုက္ကူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပါသည်-

**နံနက်ပိုင်း**

**ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက်** - ၇-၂-၂၀၂၆ (စနေနေ့) နံနက်(၉:၀၀)နာရီ
**မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့** - မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဓာတုဗေဒ၊ရူပဗေဒ၊သင်္ချာ၊သတ္တဗေဒ၊ ရုက္ခဗေဒ၊ဘူမိဗေဒ။
**ဝိဇ္ဇာဂုဏ်ထူးဘွဲ့/သိပ္ပံ ဂုဏ်ထူးဘွဲ့** - အင်္ဂလိပ်စာ၊ သမိုင်း၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ။
**ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့** - မြန်မာစာ၊အင်္ဂလိပ်စာ၊ပထဝီဝင်၊သမိုင်း၊ ဒဿနိကဗေဒ၊အရှေ့တိုင်းပညာ၊ဓာတုဗေဒ၊ ရူပဗေဒ၊သင်္ချာ၊သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ။

၂။ ပခုက္ကူတက္ကသိုလ် (အဝေးသင် သင်တန်း)မှ ၂၀၂၅ ပညာသင်နှစ် ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအတွက် စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ပခုက္ကူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပါမည်။

**နံနက်ပိုင်း**

**ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက်** - ၈-၂-၂၀၂၆ (တနင်္ဂနွေနေ့) နံနက်(၈:၃၀)နာရီ
**ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့** - မြန်မာစာ၊ သမိုင်း၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ။

**မွန်းလွဲပိုင်း**

**ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက်** - ၈-၂-၂၀၂၆ (တနင်္ဂနွေနေ့) မွန်းလွဲ(၁:၀၀)နာရီ
**ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့** - အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ။

၃။ **အစမ်းလေ့ကျင့်ရက်**

နေ့သင်တန်း ဘွဲ့ယူမည့်သူများ၏ အစမ်းလေ့ကျင့်ခြင်းကို (၆-၂-၂၀၂၆) ရက် (သောကြာနေ့) နံနက် (၈:၃၀) နာရီတွင်လည်းကောင်း၊ အဝေးသင် သင်တန်းဘွဲ့ယူမည့်သူများ၏ အစမ်းလေ့ကျင့်ခြင်းကို(၆-၂-၂၀၂၆)ရက်(သောကြာနေ့)၊ မွန်းလွဲ(၁:၀၀)နာရီတွင် လည်းကောင်း ကျင်းပမည်ဖြစ်ပါသည်။

၄။ ဘွဲ့အသီးသီး တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာဝတ်စုံ၊တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ ဘွဲ့နှင်းသဘင် တက်ရောက်ကြရပါမည်။

၅။ အဆိုပါ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။

၆။ ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်ပွဲ ဝင်ခွင့်လက်မှတ်၊ ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာနှင့် ဘွဲ့ဝတ်စုံများကို (၂-၂-၂၀၂၆)ရက်နေ့ (တနင်္လာနေ့)မှစ၍ ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ ပခုက္ကူတက္ကသိုလ်(ပင်မဆောင်)တွင် ထုတ်ယူရမည် ဖြစ်ပါသည်။

၇။ အသေးစိတ်အစီအစဉ်ကို ပခုက္ကူတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာန ကြော်ငြာသင်ပုန်းများတွင် ကြေညာထားပါမည်။

**ဌာနမှူး၊သင်တန်းရေးရာဌာန**
**ပခုက္ကူတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်း(၂၈-B)၊ မြေကွက်အမှတ်(၂၃၉၊ ၂၄၁၊ ၂၄၃)၊ ဧရိယာ (၀.၃၃၀)ဧက အကျယ်အဝန်းရှိသော ဒေါ်မြင့်မြင့် အမည်ဖြင့် ဂရန်ရရှိထားသောမြေကွက်ကို အမွေစားအမွေခံသားသမီးများ၏ ကိုယ်စား သမီးတစ်ဦးဖြစ်သူ ဒေါ်လတ်လတ်စိုးမှ လွှဲပြောင်းရောင်းချရာ ကျွန်မမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်ချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့် ကွက်သူ မရှိပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဂျူလိုင်အောင် ၉/မသန(နိုင်)၁၁၉၂၃၄**
**သမိန်ဗရမ်းလမ်း၊ ရပ်ကွက်ကြီး(၆)၊ ဥဿာမြို့သစ်၊ ပဲခူးမြို့။**
**ဖုန်း - ၀၉ -၇၉၄၆၂၃၂၃**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀ ၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄

**ကွယ်လွန်သူ ဒေါ်ခင်စိုးမြင့် ၏**
**ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ဦးပိုင်အမှတ်(ဆ-၂/၁၇၂)၊ အမှတ်(၂)ရပ်ကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ခင်စိုးမြင့်၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးဝင်းမာ က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၉ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆုတ် ၈ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ခင်စိုးမြင့်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆုတ် ၈ ရက် ) ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန်အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးဝင်းမာ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နီနီမြင့်)**
**ဒုတိယခရိုင်တရားသူကြီး( ၁ )**
**မဟာအောင်မြေ ခရိုင်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

ဘားအံမြို့နယ်၊ တောင်ကလေးအခြေခံပညာ အထက်တန်းကျောင်း Grade-6 တွင် ပညာသင်ကြားနေသော မစန္ဒကူးထက် ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၅-၁၁-၂၀၁၁) ဖြစ်ပါကြောင်း။

## အမည်မှန်

ဘားအံမြို့၊ ပညာစံအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-1 တွင် ပညာသင်ကြားနေသော (ဘ)ဦးဇေယျာမြင့် ၏ သား မောင်သန့်ဘုန်းဇေယျာ ၏ အမည်မှန်မှာ မောင်သုနောင်ဦး ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇/ရွှေပေါက်ကံ)၊ ဦးပုညလမ်းသွယ် (၂)လမ်း၊ မြေကွက်အမှတ် (၆၉၇)၊ အလျားပေ ၄၀ x အနံ ပေ ၆၀ ရှိ ဒေါ်လှကျင် (ဘ) ဦးမြဒင် (၁၂/သဃက(နိုင်)၀၉၆၉၁၃) အမည်ပေါက် နှစ် (၆၀) ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမွေဆက်ခံပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နွယ်နွယ်အောင် (၁၂/မဂဒ(နိုင်)၀၁၄၇၅၄)၊ ၂။ ဒေါ်ဥမ္မာထွန်း(၁၂/သဃက(နိုင်)၀၉၇၇၃၇)၊ ၃။ ဒေါ်နီလာထွန်း (၁၂/သဃက(နိုင်)၀၉၇၃၅၇)၊ ၄။ ဦးအောင်မျိုးထွန်း (၁၂/သဃက(နိုင်) ၀၃၅၆၆၂)၊ ၅။ ဒေါ်မိုးမိုးထွန်း (၁၂/သဃက(နိုင်)၀၉၇၁၆၇) တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက (၁၄) ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း (LL.B, DBL, DIL, DML)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၈)**
**ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဥဿာမြို့သစ်ရပ်ကွက်ကြီး(၇)၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၇၈၂)၊ ဧရိယာ(၀.၀၅၅) ဧကအား ပဲခူးခရိုင်မြို့ မြေမှုအမှတ်-၆၉၃/ငါး/၉၇-၉၈ နှင့် ပဲခူးမြို့နယ်မြို့ မြေအမှုတွဲအမှတ်- ၆၇၉/ ငါး/ ၉၇-၉၈ တို့အရ (၂၉-၁-၁၉၉၈) မှ (၂၈-၁-၂၀၂၈) အထိ နှစ်(၃၀) မြေငှားဂရန်အား ဦးဘမောင်၊ W/RGN-၀၁၇၆၉၁ အမည်ဖြင့် ရရှိခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန် (မိတ္တူမှန်) လျှောက်ထားနိုင်ရေးအတွက် ကွယ်လွန်သူ ဦးဘမောင်၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်သီတာ(ခ)စီသာလက်ချမီး ၇/ပခန(နိုင်)၁၈၈၈၆၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**ဒေါ်သီတာ(ခ)စီသာလက်ချမီး**
**၇/ပခန(နိုင်)၁၈၈၈၆၆**
**အမှတ်(၄၁၇)၊ ၇/၂၊ အနော်ရထာလမ်း၊ ဥဿာမြို့သစ်၊ ပဲခူးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/01004, Honda-Wave NF-100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောမိုးဝင်း ၃/ဘအန(နိုင်)၃၄၈၄၉၉ သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/17388, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောအောင်ဒီပါ ၃/ဘအန(နိုင်)၀၃၄၉၈၁ က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/67691, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောဝင်းဦး ၃/လဘန(နိုင်)၁၉၇၅၀၀ က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံ)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/9687, Mitsubishi Canter FE73E, Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစောစိန်မြင့်ဌေး ၃/ဘအန(နိုင်)၂၈၉၀၅၁ က မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြား ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ပြည်နယ်ရုံး (ဘားအံ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းမြို့သစ်(၄)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်(၁/တိုးချဲ့)၊ မြေကွက် အမှတ်(၂၉၄) ပေါ်တွင်ဆောက်လုပ်ထားရှိသော တိုက်အမှတ်(၁၀၀)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ (၆)လွှာ၊ ခြေရင်းခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မီးငယ် ၁၂/လသယ(နိုင်)၁၀၂၃၆၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန်းမြင့် ၅/မရန(နိုင်)၂၄၃၅၆၆က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် နှစ်ဦးနှစ်ဖက် သဘောတူညီထားပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ယခုအရောင်းအဝယ်ပြုလုပ်မည့် တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ခိုင်လုံသော အထောက်အထားများဖြင့်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ အပြီးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမင်းသိန်းအောင်(LL.B) အထက်တန်းရှေ့နေ(စဉ် - ၃၇၇၈၁၊ ၂၀၁၁)**
**အမှတ် - ၃၃၊ ဘယသုဒ္ဓိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၁၇၁ ၄၄၈၁**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၅)၊ ဖောင်းတောကျေးရွာ၊ ကွင်း/အကွက် အမှတ်နှင့်အမည်(၆၆၅)၊ ဦးပိုင်အမှတ်(N-16/ခ)ထဲမှ အကျယ်အဝန်း အရှေ့(၅၀)ပေ၊ အနောက်(၅၀)ပေ၊ တောင် (၅၀)ပေ၊ မြောက်(၅၀)ပေ၊ အကွက်အမှတ်(က-၆)၊ အိမ်အမှတ်(A/173) (လက်ရှိမြေပေါ်ရှိအတိုင်းအတာ) မြေနှင့်နေအိမ်၊ အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ် အားလုံး(အုတ်တံတိုင်းခတ်အပြီးအစီး)တို့ကို ဒေါ်နော်လီ ၉/မကန(နိုင်)၀၁၀၃၃၇ ထံမှ ဒေါ်ကြည်ကြည်ဌေး ၉/မကန(နိုင်)၀၀၀၈၂၇ က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ကြည်ကြည်ဌေး** | **ဦးနေမျိုးဇော်(LL.B, D.B.L)တရားလွှတ်တော်ရှေ့နေ** |
| **၉/မကန(နိုင်)၀၀၀၈၂၇** | **ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ် ပြင်ဦးလွင်မြို့။** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ထိန်ကုန်းကျေးရွာအုပ်စု၊ စိန်ခလုတ်ကွင်း၊ ကွင်းအမှတ်(၃၂၀)၊ ဦးပိုင်လုပ်ကွက်အမှတ်-၁/ဃ၊ ၁၂/C ၊ ဧရိယာ(၁၁.၆၆)ဧကရှိ မြေစာရင်းပုံစံ(၁၀၅)ရရှိပြီးသော လယ်မြေအမျိုးအစား မြေကွက်၊ ယခုအခေါ် ထန်းတပင်မြို့နယ်၊ အေးမြို့စံပြကျေးရွာ၊ စိန်ခလုတ်(၈)လမ်း၊ မြေကွက်အမှတ်(၉၀)ရှိ အလျားပေ(၂၀)Xအနံပေ(၆၀)မြေကွက်ကို ဒေါ်အေးမြင့်ခိုင်(၁၂/ထတပ(နိုင်)၁၀၅၆၄)က တရားဝင် ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေက ယင်းမြေကွက်ကို အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူဆန်း(၁၁/ကဖန(နိုင်)၁၁၃၂၀၅)၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြသီတာ(LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၉၁)**
**အမှတ်(၇၂၇)၊ ခေမာသီလမ်းမကြီး၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉ -၄၂၁၁၅၂၄၃၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/94490, ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/83821 ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/82954, Honda Dream-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ငွေ ၃/ကကရ(နိုင်)၀၁၃၀၁၂ သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံ)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကလျာဏီရပ်ကွက်၊ မြေတိုင်းအမှတ်(၄)၊ မြေကွက်အမှတ်(၂၂၅)၊ ပေ(၄၀x၆၀)ရှိ ခြံမြေကွက်အား ဥဿာမြို့သစ်၊ မြို့ကွက်မြေနေရာချထားရေးကော်မတီ၊ ပဲခူးမြို့မှ ဦးစိုးသိန်းအမည်ဖြင့် ချမှတ်ပေးထားသော ခြံမြေကွက်ကြီးအတွင်းမှ ခြံမြေကွက်ကြီး၏ အစိတ်အပိုင်းဖြစ်သော အရှေ့ဘက်အခြမ်း(ခေါင်းရင်းဘက်)၊ ပေ(၄၀x၄၀) အကျယ်အဝန်းရှိ ခြံမြေကွက်အား လက်ရှိလက်ဝယ်ထားကာ ရောင်းချပိုင်ခွင့်ရှိပါသည်ဟု တာဝန်ယူအဆိုပြုသည့် ဦးဘုန်းထက်အောင်(ဘ)ဦးကျော်ဇင်ဝေ ၇/ပခန(နိုင်)၁၉၂၂၄၅ ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သူ (၁)ဦးဇော်ဝင်းထွန်း(ဘ)ဦးဘိုကြီး ၁၂/မဂတ(နိုင်)၀၈၄၂၀၀နှင့် (၂) ဒေါ်မွန်မွန်ကျော်(ဘ)ဦးကျော်ဌေး ၇/ပခန(နိုင်)၃၄၉၀၉၀တို့က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇေယျာဘုန်းမောင်(LL.B)** | **ဒေါ်လှမြတ်သူ(LL.B,D.B.L,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၆၀/၁၀-၁၁-၂၀၁၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၇၃/၁၃-၁၁-၂၀၁၈)** |

**ဖုန်း-၀၉- ၄၂၈၁၂၃၉၄၄**
**(အမှတ်(၄၃၃)၊ မော်ကန်(၁၉)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့။)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ မြေတိုင်းအမှတ်(၄)၊ မြေကွက်အမှတ်(၁၂၆)၊ မြေဧရိယာ (၀.၁၂၀)ဧကရှိ ဒေါ်ခင်လှမူ အမည်ဖြင့် ဂရန်ရရှိထားသော ခြံမြေကွက်နှင့် ၎င်းခြံမြေ ကွက်ပေါ်တွင် ဆောက်လုပ်ထားသော အခန်း(၁၆) ခန်းပါ RC နှစ်ထပ် အဆောက်အအုံ(၁)လုံးအပါအဝင် အဆိုပါအိမ်နှင့်ခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိပါသည်ဟု တာဝန်ယူအဆိုပြုသည့် (၁)ဦးရဲသူစိုး(ဘ)ဦးငွေစိုး ၇/တငန(နိုင်)၁၄၁၉၇၅နှင့် (၂) ဒေါ်သန္တာအေး(ဘ)ဦးချိုဦး ၁၂/ဥကမ(နိုင်)၂၂၁၆၁၉တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကိုကိုအောင်(ဘ)ဦးမောင်ထိုင်၊ ၇/ပခန(နိုင်)၂၂၉၅၄၄ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇေယျာဘုန်းမောင်(LL.B)** | **ဒေါ်လှမြတ်သူ(LL.B,D.B.L,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၆၀/၁၀-၁၁-၂၀၁၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၉၇၃/၁၃-၁၁-၂၀၁၈)** |

**ဖုန်း-၀၉- ၄၂၈၁၂၃၉၄၄**
**(အမှတ်(၄၃၃)၊ မော်ကန်(၁၉)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့။)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းအမှတ်(၂၈/B)၊ မြေကွက်အမှတ်(၂၄၆)၊ မြေဧရိယာ (၀.၁၁၀)ဧက အကျယ်အဝန်းရှိ ဗိုလ်မှူးချုပ်စိန်မြင့် အမည်ပေါက် ခြံမြေကွက်ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိပါသည်ဟု တာဝန်ယူအဆိုပြုသည့် ဦးကျော်မင်းထွေး(ဘ)ဦးထွန်းသွင် ၇/ပခန(နိုင်)၂၁၄၉၅၄ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးထက်မြတ်အောင်(ဘ)ဦးစန်းလွင်၊ ၇/ပခန(နိုင်)၃၇၇၉၃၇ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇေယျာဘုန်းမောင်(LL.B)** | **ဒေါ်လှမြတ်သူ(LL.B,D.B.L,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၆၀/၁၀-၁၁-၂၀၁၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၇၃/၁၃-၁၁-၂၀၁၈)** |

**ဖုန်း-၀၉- ၄၂၈၁၂၃၉၄၄**
**(အမှတ်(၄၃၃)၊ မော်ကန်(၁၉)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့။)**

## ၂၀၂၀ ပြည့်နှစ်၊ လူမှုခံယူခြင်းဆိုင်ရာ ဥပဒေအရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြေညာခြင်း

## CHEN FA SU YE COMPANY LIMITED

CHEN FA SU YE COMPANY LIMITED ၏ အထွေထွေအစည်းအဝေးကို ၁၉-၁-၂၀၂၆ ရက်တွင် ကျင်းပ၍ အောက်ပါအထူးဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်-

၁။ လူမှုခံယူခြင်းဆိုင်ရာ ဥပဒေအရကုမ္ပဏီအစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်။

၂။ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းလုပ်ဆောင်ရန် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ ဒေါ်ကြည်ကြည်မြင့် (MAIP Member No – 00243)အား ခန့်အပ်ရန်နှင့် ၎င်းအား ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် အကျိုးဖြစ်စေမည့် လိုအပ်သည်ဟု ယူဆသည့် အတိုင်းအတာနှင့်ကာလအထိ သင့်လျော်သည်ဟု ထင်မြင်ယူဆသည့် ကုမ္ပဏီဖျက်သိမ်းရေးနှင့် သက်ဆိုင်သော လုပ်ဆောင်ရမည့် ကိစ္စများ၊ သက်ဆိုင်ရာ လုပ်ပိုင်ခွင့်များအား လွှဲအပ်ခွင့်ပြုရန်။

သို့ဖြစ်ပါ၍ CHEN FA SU YE COMPANY LIMITED ထံမှ ရရန်နှင့်ပေးရန် ကိစ္စအဝဝကို ၂၀-၂-၂၀၂၆ ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်-

**ဒေါ်ကြည်ကြည်မြင့်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**MAIP Member – 00243**
**ဖုန်း-၀၉-၄၀၀၄၂၄၃၂၄**

## ၂၀၂၀ ပြည့်နှစ်၊ လူမှုခံယူခြင်းဆိုင်ရာ ဥပဒေအရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြေညာခြင်း

## HONESTER LAWFIRM LIMITED

HONESTER LAWFIRM LIMITED ၏ အထွေထွေအစည်းအဝေးကို ၁၉-၁-၂၀၂၆ ရက်တွင်ကျင်းပ၍ အောက်ပါအထူးဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်-

၁။ လူမှုခံယူခြင်းဆိုင်ရာ ဥပဒေအရကုမ္ပဏီအစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်။

၂။ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းလုပ်ဆောင်ရန် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ ဒေါ်ကြည်ကြည်မြင့် (MAIP Member No –00243 )အား ခန့်အပ်ရန်နှင့် ၎င်းအားကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် အကျိုးဖြစ်စေမည့် လိုအပ်သည်ဟု ယူဆသည့်အတိုင်းအတာနှင့် ကာလအထိသင့်လျော်သည်ဟု ထင်မြင်ယူဆသည့် ကုမ္ပဏီဖျက်သိမ်းရေးနှင့် သက်ဆိုင်သော လုပ်ဆောင်ရမည့်ကိစ္စများ၊ သက်ဆိုင်ရာ လုပ်ပိုင်ခွင့်များအား လွှဲအပ်ခွင့်ပြုရန်။

သို့ဖြစ်ပါ၍ HONESTER LAWFIRM LIMITED ထံမှ ရရန်နှင့်ပေးရန် ကိစ္စအဝဝကို ၂၀-၂-၂၀၂၆ ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်-

**ဒေါ်ကြည်ကြည်မြင့်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**MAIP Member –00243**
**ဖုန်း-၀၉-၄၀၀၄၂၄၃၂၄**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4R/7081 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁) ရပ်ကွက်၊ အကွက်အမှတ် (၆)၊ စဥ့်အိုးဘိုအရှေ့အကွက်၊ ဦးပိုင်အမှတ် (၅၅-စ)၊ မြေဧရိယာ (၀ ဒသမ ၀၅၈) ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ် (၂) ရပ်ကွက်၊ ရွှေဇီးကုံလမ်း၊ အိမ်အမှတ် (၄၅) နေ ဦးသော်ဇင်ထွန်းမှ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ပုသိမ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/79847, LONXUAN 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင်ဦး ၉/မဟမ (နိုင်)၀၁၉၆၆၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/99904, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသူရထက် ၅/ဝလန(နိုင်) ၁၄၀၅၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံး ဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀(၁)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၄

| | | |
|---|---|---|
| ဒေါ်ဖြူမာခင် | နှင့် | ဒေါ်ခင်လှ |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ တိုက်အမှတ်-(၄၀၇/ဘီ)၊ ၆-လွှာ (ခေါင်းရင်းခြမ်း)၊ အောင်စကြာလမ်း၊ ကြီးပွားရေးရပ်ကွက်နေ တရားပြိုင် ဒေါ်ခင်လှ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်( ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူတရားပြိုင်မှ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲမင်းထွန်း)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၁၄)၊ ဦးပိုင်အမှတ် (၆၈)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ တပ်ကြပ်ကြီးအုန်းကြိုင်ထံမှ ကျွန်တော် ဦးဝင်းညွန့်က အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားနေထိုင် ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ ၃၀-၁-၂၀၂၆ ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေး အကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တပ်ကြပ်ကြီးအုန်းကြိုင်နှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးဝင်းညွန့်(ဘ)ဦးထွန်းရှိန်**
**အကွက်(တတ-၁၄/၆၈) (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့**
**ဖုန်း-၀၉-၆၉၂၃၆၁၄၅**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၆)၊ ဦးပိုင်အမှတ် (၃၉)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ တပ်သား ခင်မြင့်ထံမှ ကျွန်တော် ဦးစိမ်းကိုကိုဦးက အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာလက်ရှိထား နေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိ ပြုထားသည်ဖြစ်၍ ၃၀-၁-၂၀၂၆ ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်း ကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တပ်သား ခင်မြင့် နှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **ဦးစိမ်းကိုကိုဦး(ဘ)ဦးလှိုဟုတ်စိမ်း(ခ)ဦးဟုတ်စိမ်း**

**အကွက်(ဟ-၆/၃၉)၊ (ခ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၄၁၀၀၃၄၄၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (၀-၉)၊ ဦးပိုင်အမှတ် (၁၀၃-ခ)၊ ၆၅x၆၇ ကြား၊ ၁၁၄ x ၁၁၅ လမ်းကြားရှိ ဦးမျိုးဝင်း အမည်ပေါက်ဂရန်မြေကွက်အား တရားလို ဒေါ်ဖူယွင်း(ခ)ရှောက်စီ က တရားပြိုင် ဦးမျိုးဝင်း အပေါ်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၂၄/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်ဖူယွင်း(ခ)ရှောက်စီ ၁၃/လရန(နိုင်)၀၇၃၆၈၂ က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၅)၊ ဦးပိုင်အမှတ် ၂၇+၂၈+၃၉+၄၀ အတွင်းမှ (၃၉+၄၀) ခဲစင်း ၊ ၄၉x၅၀ လမ်းကြား၊ ၁၁၁စီလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဖိုးကျော် ၉/မရမ(နိုင်)၀၁၁၁၉၄၊ ဦးအောင်ဗိုလ် ၉/မရမ(နိုင်)၀၁၄၂၄၁၊ ဒေါ်ကြည်ကြည်သန်း ၉/မရမ(နိုင်)၀၁၁၁၉၅၊ ဦးသန်းနိုင် ၉/မရမ(နိုင်)၀၁၁၂၉၁ တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၆၀၁/၂၀၂၁) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဝေမာအောင် ၉/ခအဇ(နိုင်)၀၂၄၅၅၃ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည် (၁၅/၂-၅၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ်(၇၅)၊ မြေ ဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိမြေကွက်သည် ဦးအောင်သန်း အမည်ဖြင့် အမှုတွဲအမှတ် ၁၅၇၈/V၁၉၈၉-၁၉၉၀ အရ ၂၈-၂-၁၉၉၀ ရက်မှ ၃၀-၆-၁၉၉၅ ရက်အထိ (၅) နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါမြေကွက်အား ဂရန်ရှင် ဦးအောင်သန်းက ၁၈-၆-၂၀၀၁ ရက်စွဲပါ နှစ်ဦး သဘောတူအရောင်းအဝယ်စာချုပ်ဖြင့် ဦးမောင်ထွန်းထံသို့အပြီး အပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါမြေငှားဂရန်မူရင်းမှာ ၂၀၂၁ ခုနှစ်တွင် နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားခဲ့ပါသဖြင့် မြေငှားဂရန်မိတ္တူမှန်အား ထုတ်ပေးနိုင်ပါရန် ဝယ်ယူပိုင်ဆိုင်သူဦးမောင်ထွန်းမှ လျှောက်ထားလာမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီဂျွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ- ၁၄)၊ မြေကွက်အမှတ်-(၉၉/က)၊ အကျယ်အဝန်းဧရိယာ (၂၀ x ၆၀ ) ပေရှိ (ယခုအခေါ် အမှတ် - ၉၉/က၊ ခရေလမ်း၊ ၁၅-ရပ်ကွက်၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်)ဟု ခေါ်တွင်သော ဦးမြဝင်းအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁) ထပ်အဆောင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းကသာလျှင် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးသန္တာစိုး ၁၂/ဒဂတ (နိုင်)၀၃၇၃၁၁ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သူ ဦးတင်ဦး ၉/သေရ(နိုင်)၀၀၉၄၉၄ နှင့် ဒေါ်အိအိဖြိုး ၉/ကပတ(နိုင်)၃၁၆၆၇၂ တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထား ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း အထက်ပါအိမ်ခြံမြေနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/စာရွက်စာတမ်း မူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ရွှေဇင်အိ (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက်(၃၉၀/၄)၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ ၁၈ လမ်း၊ အမှတ် ၁၄၊ ဆတ်သွားကျွန်း၊ ၄၄/င၊ ကွင်းအမှတ် ၁၀၄၀၊ ဦးမြစိုး အမည်ပေါက် အကျယ်အဝန်းပေ (၄၀x၆၀) ရှိသော မြေကွက်အားတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဦးအောင်နိုင်စိုး ၁၂/မဂဒ(နိုင်)၀၉၈၇၀၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နုယဉ်အေး ၉/နထက(နိုင်)၁၅၁၃၁၀ ကအပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ပိုင်းဖြစ်သောစရန်ငွေအားပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်ရန်ရှိပါက သက်ဆိုင်သူမည်သူမဆို ပိုင်ရေးဆိုင်ခွင့်အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ဆက်သွယ်လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက ဤမြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စပယ်ဖြူဖြူဦး တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၉၅/၂၀၁၉) LL.B, D.I.L, D.M.L, D.B.L**
**A-1/R-38၊ယမုံနာအိမ်ရာ၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၁၉၂၆၀၈**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာခြင်း

ကျွန်တော်ဦးဇေယျာဝင်း ၁၂/ဒဂတ(နိုင်)၀၄၂၅၀၄ နှင့် ဒေါ်စိမ့်စိမ့်စိုး ၇/ပခန(နိုင်)၁၉၉၁၀၅တို့သည် (၂၆-၇-၂၀၁၅) ရက်မှစ၍ အကြင်လင်မယား အဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်လာခဲ့ကြပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်လာရင်း ယခုအခါ စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၂၉-၉-၂၀၂၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့ ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမြတ်ဇင်မွန်သိမ့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၀၅)**
**အမှတ်(၅၀)၊ ဓမ္မပါလလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၀၂၅၆၉၀၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၅)၊ သဇင်လမ်းသွယ် (၅) လမ်း၊ မြေကွက်အမှတ် (၅၆၄)၊ မြေပေ အကျယ်ပေ (၄၀x၆၀) ရှိဦးဘိုးစော(ခ)ဦးမောင်စောအမည်ပေါက်ပါမစ် မြေကွက်မှ မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၅၆၅) နှင့်ကပ်လျက်ဘက်အခြမ်း၊ မြေပေအကျယ်ပေ (၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လုံးချင်းနေအိမ်သည် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချသူ ဦးအတူး(ခ)ဦးဝင်းမြင့် ၃/ကကရ(နိုင်)၀၄၇၅၁၅ မှ မိမိတစ်ဦးတည်း၏သဘော ဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4W/44388, U8-B5Qa, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ခိုင်ဦး ၉/ပသက(နိုင်)၀၀၃၅၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

